ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 17 December 2023 ၁၁၃၁၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေး၊ မိသားစုဝင်များအားသွားရောက်တွေ့ဆုံ အားပေးစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှု ဂုဏ်ပြုအားပေးစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် တပ်မတော်အရာရှိကြီးများသည် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသူ တစ်ဦးအား အားပေးစကားပြောကြားစဉ်။

**ဆီသယ်ယာဉ်များ အွန်လိုင်းဖြင့် မျှောထုတ်ယူနိုင်အောင် ဆောင်ရွက်ပေးခြင်းသည်လုပ်ငန်းရှင်များအတွက် ပိုမိုအဆင်ပြေ**

စာမျက်နှာ ၃

**မြန်မာသံရုံးက ဒီဇင်ဘာ ၁ ရက်မှ ၁၅ ရက်အတွင်း စိစစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၃၅၅ ခုအရ မြန်မာအလုပ်သမား အမျိုးသား ၃၀၀ ကျော်၊ အမျိုးသမီး ၆၀၀ ကျော် စုစုပေါင်း ဦးရေ ၁၀၀၀ ဝန်းကျင်ခေါ်ယူမည်**

စာမျက်နှာ ၅

**မသိနားမလည်မှုကြောင့် လမ်းမှားပေါ်သို့ ရောက်ရှိနေကြသော အချို့သော မြန်မာလူငယ်များအနေဖြင့်လည်း အမြင်မှန်ရပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည့် လူငယ်များနည်းတူ အကြမ်းဖက်မှု ဝဲဂယက်အတွင်းမှ ရုန်းထွက်ချိန်တန်ပါပြီ**

ဆောင်းပါး စာမျက်နှာ ၆

## မြန်မာ့ပြောင်းတင်ပို့ရန် ထိုင်း၊ တရုတ်၊ ဗီယက်နမ်မှ ကုမ္ပဏီ ခုနစ်ခုနှင့် MoU ရေးထိုးထားပြီး ၂၀၂၄ ခုနှစ် ဧပြီလမတိုင်မီ တန်ချိန် ခုနစ်သိန်းတင်ပို့ရန်မျှော်မှန်း

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာ့ပြောင်းများကိုတင်ပို့နိုင်ရန် ထိုင်း၊ တရုတ်၊ ဗီယက်နမ်မှ ကုမ္ပဏီ ခုနစ်ခုနှင့် MoU ရေးထိုးထားပြီး ၂၀၂၄ ခုနှစ် ဧပြီလမတိုင်မီ တန်ချိန် ခုနစ်သိန်းတင်ပို့ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း (MICA) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ကြေးမုံ

# ဝေဟင်ကာကွယ်ရေးစွမ်းအား ဂုဏ်ယူဝင့်ကြွား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်လေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည်။ ယခင်က တပ်မတော်ပိုင်လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို (၁၃)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ယခု (၁၄)ကြိမ်မြောက် တပ်တော်ဝင်အခမ်းအနားတွင် စတုတ္ထမျိုးဆက်လွန် လေကြောင်းအရေးသာမှု လေယာဉ်အမျိုးအစားဖြစ်သည့် Su-30 SME တိုက်လေယာဉ်နှစ်စင်းကို တပ်တော်ဝင်ပြီး တပ်မတော်(လေ)သို့ ဂုဏ်ယူဝင့်ကြွားဖွယ် လွှဲပြောင်းပေးအပ်ခဲ့သည်။

တပ်မတော်(လေ)၏ သမိုင်းကြောင်းတစ်လျှောက်တွင် ပိုင်နက်ဝေဟင်စိုးမိုးရေးနှင့် လေကြောင်းရန်ကာကွယ်ရေးတာဝန်သာမက ပြည်တွင်းသောင်းကျန်းမှု စစ်ဆင်ရေးများတွင် ခေတ်အဆက်ဆက် တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ပြည်ပကျူးကျော်မှု၊ ပြည်တွင်းသောင်းကျန်းမှု၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကဏ္ဍများတွင် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ ပြည်သူလူထုနှင့်အတူလက်တွဲ၍ စွမ်းစွမ်းတမံ ပြောင်မြောက်စွာ တိုက်ပွဲဝင်နိုင်ခဲ့သော သမိုင်းမှတ်တိုင်များ စိုက်ထူထားနိုင်ခဲ့သည့် အစဉ်အလာကောင်းများ ရှိခဲ့ပြီးဖြစ်သည်။

မျက်မှောက်ကာလတွင် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းပြီး ပြည်သူများ၏ လူနေမှုဘဝများ အေးချမ်းစွာရှိနေစေရန်အတွက် တပ်မတော်က လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများကို တရားသောစစ်ပွဲများဆင်နွှဲလျက် ချေမှုန်းနှိမ်နင်းလျက်ရှိရာတွင် တပ်မတော်(လေ)သည် ကြည်း၊ ရေ၊ လက်ရုံးတပ်ဖွဲ့များနှင့်ပူးပေါင်း၍စစ်ဆင်ရေးများတွင် လေကြောင်းစွမ်းအားများကို ထိထိရောက်ရောက်အသုံးချလျက် တစ်တပ်တစ်အားပါဝင်ဆင်နွှဲနေသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရမည်ဖြစ်သည်။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲများနှင့်အခြားတိုင်းစစ်ဌာနချုပ်နယ်မြေများ၌ ဖြစ်ပွားခဲ့သည့် စစ်ဆင်ရေးများတွင် တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များကို စွမ်းအားပြည့်အသုံးပြုပြီး တိုက်ပွဲအောင်နိုင်ရေး အတွက် စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့ကြသည်။

တပ်မတော်(လေ)ဖွဲ့စည်းတည်ထောင်မှု (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် “ယနေ့မျက်မှောက်ခေတ်၏ ခေတ်သစ်စစ်ပွဲများကို လေ့လာကြည့်မည်ဆိုပါက လေကြောင်းနှင့်အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာအရေးပါသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လေကြောင်းစွမ်းအား သာလွန်မှုကို အားပြုပြီး ရန်သူအပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်ကာ မိမိတပ်များ၏ စိတ်ဓာတ်နှင့် တိုက်စွမ်းရည် ပိုမိုဖြစ်ပေါ်လာစေရန်အတွက် လေကြောင်းစိုးမိုးမှု၊ လေကြောင်းအရေးသာမှုများကို အဓိကထားဆောင်ရွက်လာကြကြောင်း၊ မြင့်မားသော လေကြောင်းစွမ်းအားကို ပိုင်ဆိုင်သည့် လေတပ်မတော်ဖြစ်လာစေရေးအတွက် တပ်မတော်(လေ)မှ အရာရှိ/ စစ်သည်များအားလုံး အမြဲလေ့ကျင့်နေရမည်ပင် ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားခဲ့သည်။

စစ်ရေးနည်းဗျူဟာ ကျွမ်းကျင်မှု၊ လေကြောင်းအကဲသာမှုနှင့် အီလက်ထရွန်နစ်နည်းပညာသာလွန်မှု၊ လက်နက်ခဲယမ်းများ ခေတ်မီကောင်းမွန်မှု၊ ထိရောက်တိကျမှုတို့သည် စစ်ပွဲ၏အနိုင်/အရှုံးကို အဓိကအဆုံးအဖြတ်ပေးသည့်အတွက် တပ်မတော်(လေ)အနေဖြင့် နည်းပညာတိုးတက်လာမှုနှင့်အတူ ပြောင်းလဲကျင့်သုံးလာသည့် စစ်နည်းဗျူဟာများနှင့် စစ်လက်နက်ပစ္စည်းများကို ခေတ်နှင့်အညီ ကျွမ်းကျင်စွာအသုံးချနိုင်ရန် လေ့ကျင့်ရေးကို စဉ်ဆက်မပြတ်အလေးအနက်ထားလုပ်ဆောင်လျက်ရှိသည်။ တပ်မတော်(လေ)ကို ကျစ်လျစ်ခိုင်မာပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီလေတပ်မတော်အဖြစ် တည်ဆောက်ရာတွင် ကျွမ်းကျင်ပြီး အရည်အချင်း၊ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပေးရေးသည် အလွန်ပင်အရေးကြီးသည်။

လေယာဉ်များကို ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်သည့် လေသူရဲများသည် လေယာဉ်ကို ကျွမ်းကျင်ပိုင်နိုင်စွာမောင်းနှင်နိုင်သကဲ့သို့ လေယာဉ်တွင် တပ်ဆင်ထားသည့် စစ်လက်နက်ပစ္စည်းများကို ထိရောက်ကျွမ်းကျင်ပိုင်နိုင်စွာ ပစ်ခတ်နိုင်စေရန် အမြဲလေ့ကျင့်လျက်ရှိသည်။ တပ်မတော်(လေ)မှ စက်မှုလက်မှု၊ လေကြောင်းထိန်း၊ ရေဒါ၊ မိုးလေဝသစသည့် လေကြောင်းဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာရှိ/ စစ်သည်များအားလုံးအနေဖြင့် ကိုင်တွယ်အသုံးပြုနေသည့် စက်ပစ္စည်းကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးပြုနိုင်ရန် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသောနည်းပညာများနှင့်အတူ လိုက်လျောညီထွေပြောင်းလဲလာသော စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်(လေ)သည် သမိုင်းအဆက်ဆက်တွင် တိုင်းပြည်တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကျေပွန်စွာထမ်းဆောင်နိုင်သကဲ့သို့ နိုင်ငံတော်အကျိုးနှင့်တပ်မတော်၏ဂုဏ်ကို အစဉ်အလာမပျက်မြှင့်တင်ပေးလျက်ရှိပြီး ယခု (၁၄)ကြိမ်မြောက် တပ်တော်ဝင်အခမ်းအနားတွင် စတုတ္ထမျိုးဆက်လွန် လေကြောင်းအရေးသာမှု လေယာဉ်အမျိုးအစားနှစ်စင်းကို ဖြည့်ဆည်းပေးနိုင်သည့်အတွက် တပ်မတော်၏တိုက်စွမ်းအား၊ တိုက်စွမ်းရည်မြင့်မားလာအောင် အထောက်အကူပြုမည်ဖြစ်၍ တပ်မတော်(လေ)၏ ဝေဟင်ကာကွယ်ရေးစွမ်းအားအပေါ် ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်ပါကြောင်း။ ။

## ဦးသစ်လင်းအုန်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဒီဇင်ဘာ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်လဲ့လဲ့အေး ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ မိုး/ဇလ

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) (၂၉)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ ၁၃၈၂-၁၃၈၃ ပညာသင်နှစ်တွင် သာသနတက္ကသီလ ဓမ္မပါရဂူဘွဲ့ Ph.D တစ်ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ M.A ၁၀ ပါးနှင့် သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ B.A ၂၈ ပါး စုစုပေါင်း သံဃာတော်အရှင်သူမြတ် ၃၉ ပါးတို့အား ဘွဲ့ဆက်ကပ်မည့် (၂၉)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၈၅ ခုနှစ် နတ်တော်လပြည့်နေ့၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်များထံသို့ ပင့်လျှောက်လွှာများကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်းဌာနနှင့် ပြည်တွင်းသာသနာပြုဌာနခွဲတို့မှတစ်ဆင့် ပေးပို့ဆက်ကပ်ထားပြီးဖြစ်သည်။

ပင့်လျှောက်လွှာ လက်ခံရရှိခြင်း မရှိပါကလည်း ဘွဲ့နှင်းသဘင်ခန်းမသို့ ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီအရောက် အချိန်မီကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နှိုးဆော်ပင့်လျှောက်ထားကြောင်းနှင့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြတ်စွာဘုရားတစ်ဆူအပါအဝင် ပင့်သံဃာတော် ၄၉ ပါး၊ ဘွဲ့ခံသံဃာတော် ၃၉ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ပါ၍ ဆွမ်းဆန်စိမ်းလောင်းလှူလိုသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်းပုဂ္ဂလိက အလှူရှင်များအနေဖြင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဌာနခွဲ ဖုန်း - ၀၉-၂၅၀၀၈၇၅၅၄၊ ၀၉-၂၅၉၆၂၈၁၆၄၊ ၀၉-၂၅၅၉၅၃၁၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## မှော်ဘီမြို့နယ်၌ ထူးချွန်စွမ်းရည်ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

မှော်ဘီ ဒီဇင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော တိုင်းရင်းသားကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးချွန်စွမ်းရည်ပြပွဲ၊ ပြိုင်ပွဲများကို ယမန်နေ့နံနက် ၈ နာရီက မှော်ဘီမြို့နယ် သဲကုန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အဖွင့်အမှာစကားပြောကြားပြီး မှော်ဘီခရိုင်ပညာရေးမှူး ဦးအေးလွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်တို့က အမှာစကားပြောကြားသည်။



ဆက်လက်၍ တိုင်းရင်းသားကျောင်းသားလူငယ်များက ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ဘောလုံးဖောက်ပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဝင်းဇော်(မှော်ဘီ)


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✰ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ဆေးဝါးကုသမှု ပေးထားသည့် အခြေအနေများ၊ ရောဂါကုသပျောက်ကင်းသက်သာမှု အခြေအနေများ၊ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို လိုက်လံကြည့်ရှုမေးမြန်း အားပေးစကား ပြောကြားပြီး အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အနွေးစောင်များ ပေးအပ်သည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ရှိ နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များတွင် ရောက်ရှိနေသည့် ရဲမေများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်လိုက်သည့် အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လားရှိုးမြို့ရှိ နယ်မြေခံ တပ်ရင်း/ တပ်ဖွဲ့များတွင် ရောက်ရှိနေသည့် ရဲမေများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသူ တစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာနှင့် အနွေးစောင် ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ရဲမေများနှင့် မိသားစုဝင်များအား အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

○ မြန်မာ့ပြောင်းမှ

MICA နှင့် ထိုင်းနိုင်ငံမှ ကုမ္ပဏီ သုံးခု၊ တရုတ်နိုင်ငံကုမ္ပဏီ နှစ်ခု၊ ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီ နှစ်ခုနှင့် ပြောင်းဝယ်ယူရောင်းချမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)ကို ဒီဇင်ဘာ ၁၂ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမတွင် ရေးထိုးခဲ့ကြောင်း သိရသည်။

"နိုင်ငံ သုံးနိုင်ငံက ကုမ္ပဏီ ခုနစ်ခုနဲ့ MoU ရေးထိုးထားတယ်။ ဧပြီလမတိုင်ခင်မှာတော့ တန်ချိန် ခုနစ်သိန်း တင်ပို့ဖို့ မျှော်မှန်းထားတယ်"ဟု မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူက ပြောသည်။

လက်ရှိဈေးကွက်အတွင်း ပြောင်းဈေးနှုန်းမှာလည်း ဈေးကောင်းရရှိနေကြောင်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ပြောင်းစိုက်ဧက နှစ်သန်းကျော်ရှိပြီး ပြောင်းတန်ချိန် ၃ ဒသမ ၂ သန်းထွက်ရှိကာ ပြည်တွင်းစားသုံးမှုဧက တစ်သန်းကျော်ရှိပြီး ပြည်ပသို့ တန်ချိန် နှစ်သန်းကျော် တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**MT**

# ဆီသယ်ယာဉ်များ အွန်လိုင်းဖြင့် မျှောထုတ်ယူနိုင်အောင် ဆောင်ရွက်ပေးခြင်းသည် လုပ်ငန်းရှင်များအတွက် ပိုမိုအဆင်ပြေ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဆီသယ်ယာဉ်များ အွန်လိုင်းဖြင့် မျှောထုတ်ယူနိုင်အောင်ဆောင်ရွက်ပေးခြင်းသည် လုပ်ငန်းရှင်များအတွက် ပိုမိုအဆင်ပြေကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

ဆီသယ်ယာဉ်များအတွက် လူကိုယ်တိုင် မျှောထုတ်ယူရသည့်စနစ်မှ အွန်လိုင်းဖြင့် မျှောထုတ်ယူနိုင်သည့် အဆင့်သို့ အသုံးပြုသွားနိုင်ရေးနှင့် ဆော့ဖ်ဝဲစနစ် တပ်ဆင်အသုံးပြု၍ စက်သုံးဆီဝယ်ယူသုံးစွဲမှု အခြေအနေကို ကြီးကြပ်စောင့်ကြည့်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ကြရန် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက လမ်းညွှန်ထားသည်။

"အွန်လိုင်းနဲ့ ပိုအဆင်ပြေတယ်။ လူကိုယ်တိုင်က ကုန်ကျစရိတ်များတယ်။ အွန်လိုင်းက ချက်ချင်းအဖြေရတော့ ချက်ချင်း ဆုံးဖြတ်နိုင်တယ်"ဟု စီးပွားရေးလုပ်ငန်းရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောသည်။

လက်ရှိတွင် သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းရှိ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းဆောင်ရွက်နေသော စက်သုံးဆီ သိုလှောင်စခန်းများ၌ ဆီသယ်ယာဉ်များဖြင့် စက်သုံးဆီဖြန့်ဖြူးပေးပို့ရန် မျှောစနစ်ဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။ **သစ်တော်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန်နှင့် မြန်မာ့အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားစေရန် ရည်ရွယ်ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာ တတိယပတ် လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပသည်။

**ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲ**

စုပေါင်းလမ်းလျှောက်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ခွန်စံလွင်နှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်းအင်အား ၃၈၀၀ ကျော် ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြသည်။




၂၀၂၃ ခုနှစ် ဒီဇင်ဘာတတိယပတ် လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၁)မှ စတင်တာထွက်ကြပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း ဂိတ်(A) ရှေ့အထိ ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance လေ့ကျင့်ခန်းများကို စုပေါင်းလှုပ်ရှား ဆောင်ရွက်ကြကာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးများနှင့် အစားအစာများ ပေးဝေခဲ့ကြသည်။



**ဆက်လက်ကျင်းပသွားမည်**

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲ စတုတ္ထပတ်ကို ဒီဇင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပါဝင်ဆင်နွှဲသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်း နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား တာဝန်ရှိသူများက တပ်ကုန်းမြို့နယ်နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ ဓာတ်အားသုံးစွဲမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ မီတာဘေလ်ငွေကောက်ခံနေမှု၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးဆောင်ရွက်ထားမှုနှင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။



တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မို့အားပြည့်ဝတည်ငြိမ်ပြီး အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးပို့နိုင်ရေး၊ ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အားစဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးတို့အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံး ဆက်စပ်ပစ္စည်းများကို စနစ်တကျစစ်ဆေးဆောင်ရွက်ရန်၊ ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးရန်နှင့် နိုင်ငံတော်၏ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှု မရှိစေရေး ဂရုစိုက်ဆောင်ရွက်ရန်၊ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံသုံးပစ္စည်းများနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရန် မှာကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၃၃/၁၁ ကေဗွီ ငွေတောင်ဓာတ်အားခွဲရုံမှ တပ်ကုန်းမြို့တွင်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ပိုက်ကျော်ခြင်း(အမျိုးသား) အားကစားပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုရရှိသည့် အသင်းများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဝါးဆောက်လုပ်ရေးအခမဲ့သင်တန်း ပထမဆုံးအကြိမ်ဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

လက်ရှိတွင် အသုံးများလာသည့် ဝါးနှင့်ပတ်သက်၍ ဝါးဆောက်လုပ်ရေးပညာရှင်များ ပေါ်ထွက်လာရန်အတွက် ပဲခူးမြို့တွင် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုအတတ်ပညာ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် Housing Now တို့ ပူးပေါင်း၍ ဝါးအသုံးပြုဆောက်လုပ်ရေးသင်တန်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် အခမဲ့ဖွင့်လှစ်သွားမည်ဖြစ်သည်။

“ဝါးအသုံးပြုမှုများလာရင် တစ်ဖက်မှာ တခြားနိုင်ငံကနေ တင်သွင်းနေရတဲ့ ကုန်ကြမ်းပစ္စည်းတွေ လျှော့ချနိုင်မယ်။ အဲဒီအပိုင်းတွေမှာ တိုင်းပြည်အတွက်ကောင်းကျိုးပြုမယ်။ နောက်ပြီး သင်တန်းသားတွေ အလုပ်အကိုင်ရှိလာမယ်။ သူတို့မိသားစုတွေလည်း ပိုပြီးတော့ပြေလည်လာမယ်” ဟု ဝါးအသုံးပြုဆောက်လုပ်ရေးသင်တန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၂၀ လက်ခံမည်ဖြစ်ကာ သင်တန်းကာလမှာ တစ်နှစ်သတ်မှတ်ထားပြီး တက်ရောက်မည့် သင်တန်းသားများအနေဖြင့် သင်တန်းကြေးပေးစရာမလိုသည့်အပြင် သင်တန်းသားများ၏ စားရေး၊ နေရေးအပြင် လစာလည်း ပေးမည်ဖြစ်ကြောင်း သိရသည်။

“ဒီဟာကတော့ ကျွန်တော်တို့အဖွဲ့ အစည်းအနေနဲ့က ပထမဆုံးပါ။ ပထမဆုံးသင်တန်းမှာ သင်တန်းကာလ တစ်နှစ်သတ်မှတ်ထားတယ်” ဟု တာဝန်ရှိသူက ဆိုသည်။

ထို့ပြင် ဝါးနှင့်ပတ်သက်သော ထုတ်ကုန်ဈေးကွက်အခြေအနေနှင့်ပတ်သက်၍ လူကြိုက်များသည့်ပစ္စည်းဖြစ်သဖြင့် ဈေးနှုန်းကြီးမြင့်သော်လည်း အသုံးပြုမှုတိုးတက်လာကြောင်း သိရသည်။

“ကျွန်တော်ကတော့ တက်ပါလို့ အကြံပေးချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာရပ်တစ်ခုအနေနဲ့ သင်ယူလေ့လာလို့ရမယ်။ ကျွန်တော်တို့ကိုယ်တိုင်ကလည်း ဒီအပေါ်မှာ ပညာရှင်တွေများအောင် စိတ်ရောကိုယ်ပါနှစ်ပြီး သင်ပေးမှာဖြစ်တယ်” ဟု ၎င်းကဆိုသည်။

အပတ်စဉ်(၁) လျှောက်ထားမည့် သင်တန်းသားများအနေဖြင့် အသက် ၁၇ နှစ် မှ ၃၅ နှစ်အတွင်း ဖြစ်ရမည်ဖြစ်ပြီး အခြေခံပညာ အလယ်တန်းအောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ကာ လက်မှုပညာကို ဝါသနာပါ၍ ဝါးအသုံးပြုဆောက်လုပ်ရေးပိုင်းဆိုင်ရာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူ ဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။ **သစ်တော်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဒီဇင်ဘာလူထုအားကစားလ တတိယပတ်စုပေါင်းလမ်းလျှောက်ပွဲ ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲ

**ပုသိမ် ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ယနေ့နံနက်ပိုင်းတွင် ဒီဇင်ဘာလူထုအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

**ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က သေနတ်ပစ်ဖောက်၍ စုပေါင်းလမ်းလျှောက်ပွဲကို ဖွင့်လှစ်ပေးပြီး ရွှေရုပ်တုအဝိုင်းရှေ့မှ စတင်၍ မဟာဗန္ဓုလလမ်းမကြီးအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး ကိုးသိန်းအားကစားကွင်းသို့ ရောက်ရှိကာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ၊ Physical Fitness dance များ အတူတကွ စုပေါင်း ဆောင်ရွက်ခဲ့ကြသည်။ ဒီဇင်ဘာလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၀၀၀ ခန့် တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ပုသိမ်မြို့ ကိုးသိန်းမိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည့် ဌာနပေါင်းစုံ ဘော်လီဘော ပြိုင်ပွဲဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဒုတိယဆုရရှိသည့် အသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း၊ ပထမဆုရရှိသည့် အသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မြန်အောင်ခရိုင် ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည့် အရှိုချင်းရိုးရာ ကောက်သစ်စားပွဲတော် မိတ်ဆုံစားပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပုသိမ်မြို့၌ ကျင်းပသည့် ဒီဇင်ဘာလူထုအားကစားလ တတိယပတ်စုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲစဉ်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မိမိတို့နိုင်ငံ၊ မိမိဒေသ၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ အမွေအနှစ်များ၊ ဓလေ့ထုံးစံများကိုလေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် မိမိဒေသအတွင်းရှိ ပြည်သူလူထုသာမက နိုင်ငံသားတိုင်းအားလုံး တာဝန်ရှိပါကြောင်း၊ ထိုတာဝန်ကို တက်ညီလက်ညီ ဝိုင်းဝန်း ဆောင်ရွက်ရင်း ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ တိုင်းဒေသကြီး၏အကျိုး၊ ပြည်ထောင်စု၏ အကျိုးကို ထာဝစဉ်သယ်ပိုးနိုင်ပါစေကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ဆုတောင်းမေတ္တာပို့သကာ အတွင်းရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ချင်းတိုင်းရင်းသူများ၏ တေးသီချင်းများ၊ ရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် အရှိုချင်းရိုးရာ ကောက်သစ်စားပွဲတော် မိတ်ဆုံစားပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ဒေသခံချင်းတိုင်းရင်းသားများနှင့် ချစ်ကြည်ရင်းနှီးစွာ နေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြံခင်းမြို့နယ် သောကြာဒူးကျေးရွာ၌ တောင်သူ ဦးဇော်ခိုင်၏ စိုက်ကေ သုည ဒသမ ၅၀ ကေတွင် ဆင်းရွှေကြာ (၂) ဆောင်းနေကြာစိုက်ပျိုးထားရှိမှု၊ တောင်သူ ဦးအေးထွန်း၏ စိုက်ကေ သုည ဒသမ ၅၀ ကေတွင် ဆင်းရွှေကြာ-၂ မိုးနေကြာစိုက်ခင်းနှင့် တောင်သူ ဦးကြည်ညွန့်၏ စိုက်ကေ ၁ ဒသမ ၅၀ ကေတွင် ဆင်းရွှေကြာ-၂ မိုးနေကြာစိုက်ခင်းတို့၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးပြီး ရိတ်သိမ်းချိန် လေလွင့်မှုမရှိစေရေးနှင့် စနစ်တကျ ရိတ်သိမ်းရေး မှာကြားသည်။



မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မြန်အောင်ခရိုင်ရှိ ဒေသခံပြည်သူများနှင့် မြန်အောင်မြို့ အောင်ဇေယျ အားကစားခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိုးစပါး/နွေစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး အမှာစကားပြောကြားသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် နိုင်ငံစီးပွားမြှင့်တင်ရေး နွေစပါးစီမံကိန်းသွင်းအားစုများကို မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်တို့မှ တောင်သူများအား ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြန်အောင်မြို့နယ်၌ မီးလင်းရေးလုပ်ငန်းအတွက် ကျေးရွာအုပ်စုများသို့ ဆိုလာမီးများ ထောက်ပံ့ပေးအပ်ရာ ညောင်ဝိုင်းကျေးရွာအုပ်စုမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး မြန်အောင်မြို့နယ်မှ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မြန်အောင်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပသော မြန်အောင်ခရိုင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး(MSMEs) ထုတ်ကုန်ပြပွဲ၌ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များ၏ ဒေသအတွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှု၍ ဒေသထွက်ထုတ်ကုန်ပစ္စည်းများ တိုးတက် ထုတ်လုပ်နိုင်ရေး မှာကြားခဲ့သည်။ **သတင်းစဉ်**

## ဂျပန်ကုမ္ပဏီ ၃၀၀ ကျော်က မြန်မာအလုပ်သမား ၁၀၀၀ ဝန်းကျင်ခန့် ထပ်မံခေါ်ယူ ဂျပန်နိုင်ငံက မြန်မာလုပ်သားခေါ်ယူမှုသိသိသာသာများနေဟု အေဂျင်စီများကဆို

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဂျပန်ကုမ္ပဏီ ၃၀၀ ကျော်က မြန်မာအလုပ်သမား ဦးရေ ၁၀၀၀ ဝန်းကျင်ခန့် ခေါ်ယူမည်ဟု ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဒီဇင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်လိုက်ပြီး မြန်မာလုပ်သားခေါ်ယူမှု သိသိသာသာမြင့်တက်နေကြောင်း ပြည်ပအလုပ်အကိုင်အေဂျင်စီများထံမှ သိရသည်။

မြန်မာသံရုံးက ဒီဇင်ဘာ ၁ ရက်မှ ၁၅ ရက်အတွင်း စိစစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၃၅၅ ခုအရ မြန်မာအလုပ်သမား အမျိုးသား ၃၀၀ ကျော်၊ အမျိုးသမီး ၆၀၀ ကျော် စုစုပေါင်း ဦးရေ ၁၀၀၀ ဝန်းကျင်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

**လုပ်သားခေါ်ယူမှု သိသိသာသာမြင့်တက်**

၂၀၂၂ ခုနှစ် မတ်လမှစ၍ ဂျပန်နိုင်ငံက မြန်မာလုပ်သားခေါ်ယူမှု သိသိသာသာမြင့်တက်လာခဲ့ပြီး တစ်နှစ်ခွဲကာလအတွင်း မြန်မာလုပ်သားစေလွှတ်မှု သုံးသောင်းဝန်းကျင်ခန့်ရှိပြီဟု သိရသည်။

"ကိုဗစ်မတိုင်ခင်က မြန်မာလုပ်သားခေါ်ယူမှု တော်တော်လေး နည်းခဲ့တယ်။ ၂၀၂၂ ခုနှစ် မတ်လလောက်ကနေစပြီးတော့ မြန်မာတွေပို့ရတဲ့အရေအတွက်က တော်တော်များလာတယ်။ တစ်နှစ်ခွဲကျော်အတွင်းမှာ သုံးသောင်းလောက်ရှိသွားပြီ။ အရင်တုန်းကဆို တစ်နှစ်ကို သုံးထောင်၊ လေးထောင်လောက်ပဲ ပို့ရတာအခုတော်တော်များလာတာပေါ့" ဟု ပြည်ပအလုပ်အကိုင်အေဂျင်စီဆောင်ရွက်နေသူ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

**စိစစ်ဆောင်ရွက်ပေးလျက်ရှိ**

သံရုံးထုတ်ပြန်ချက်အရ မြန်မာသံရုံး တိုကျိုမြို့အနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာ (Demand Letter) များကို အချိန်နှင့်တစ်ပြေးညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ စိစစ်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ကုမ္ပဏီများသည်ဂျပန်နိုင်ငံတွင်တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်း အထောက်အထားများ စိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၁၆ ရက်မှ ၃၀ ရက်အတွင်းကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စိစစ်ပေးပို့ပြန်ကြားခဲ့သော အလုပ်ကမ်းလှမ်းစာ ၂၈၈ ခုတွင် မြန်မာအလုပ်သမား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ဦးရေ ၈၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း မြန်မာသံရုံး တိုကျိုမြို့က ထုတ်ပြန်ခဲ့သည်။

**MT**

# အကြမ်းဖက်ဝဲဂယက်အတွင်းက ရုန်းထွက်ချိန်တန်ပြီ

**ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူငယ်များကို နိုင်ငံတော်၏ အရန်အင်အားအဖြစ် သတ်မှတ်လေ့ရှိသည်။ အနာဂတ်တွင် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်း တာဝန်ယူနိုင်ရန်လည်း လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်၍ စနစ်တကျ မွေးမြူလေ့ကျင့်ပျိုးထောင်ပေးလေ့ရှိကြသည်။ သို့ရာတွင် တစ်ဖက်ကလည်း ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများက မိမိအာဏာရရှိရေး၊ မိမိအာဏာတည်မြဲရေးအတွက် လူငယ်ထုကို မြှောက်ပင့်သွေးထိုးလှုံ့ဆော်ကာ လူငယ်တို့၏ နိုးကြားတက်ကြွသောအားမာန်အပေါ် တလွဲအသုံးချ၍ လမ်းမှားပေါ်သို့ တွန်းပို့တတ်ကြပြန်ပါသည်။**

မင်းခေါင်

**လူငယ်အများစုကို တပ်နီအဖြစ်အသုံးချ**

အတိတ်ကာလတွင် ဥက္ကဋ္ဌကြီး မော်စီတုံးသည် တရုတ်ပြည်၏ အယူဝါဒရေးရာတို့ကို သန့်ရှင်းခြင်းဖြင့် တရုတ်ပြည်၏ တိုးတက်မှုကို အရှိန်မြှင့်တင်နိုင်လိမ့်မည်ဟူ၍လည်းကောင်း၊ တရုတ်ပြည်အား ဆိုဗီယက်ရှိ ခရုးရှော့ဗ်၏ပြင်ဆင်ရေးဝါဒလမ်းစဉ်ကို မလိုက်ဖို့ တားဆီးရေးအတွက်လည်းကောင်း၊ ဇရာပိုင်းဘဝ အသက်အရွယ်အရ မိမိ၏ လျော့ပါးလာသောသြဇာအာဏာကို ပြန်လည်တည်ဆောက်နိုင်ရန်လည်းကောင်း၊ ငယ်ရွယ်သော၊ ပညာကောင်းစွာ မသင်ခဲ့ဖူးသော လူငယ်အများစုကို တပ်နီအဖြစ် အသုံးချ၍ ၁၉၆၆ ခုနှစ်တွင် ယဉ်ကျေးမှုတော်လှန်ရေး တစ်ရပ်ကို ဆင်နွှဲခဲ့သည်။

တပ်နီများသည် မော်စီတုံး၏ အဆိုအမိန့်များ ရေးသားထားသည့် စာအုပ်နီကို ဘုရားသခင်၏ အဆိုအမိန့်အလား ထင်မှတ်ကာ ဇွဲယမ်းလျက် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနှင့် မသင့်မြတ်မှုကိုဖန်တီးမည့် ကြွေးကြော်သံများဖြစ်သည့် “ဥက္ကဋ္ဌကြီးမော်အပေါ် ထာဝရသစ္စာရှိကြ”၊ “ဟောင်းလေးဟောင်းကိုဖျက်” (အတွေးအခေါ်ဟောင်း၊ ယဉ်ကျေးမှုအဟောင်း၊ ဓလေ့စရိုက်အဟောင်း၊ အကျင့်ဟောင်းတို့ကို တိုက်ဖျက်ခြင်း) စသည်တို့ကို ကြွေးကြော်ကာ သူတို့အမြင်တွင် တန်ပြန်တော်လှန်ရေးသမားဟုယူဆသူများကို စီရင်ချက်များ ချမှတ်ခဲ့ကြလေသည်။

တက္ကသိုလ်များ အပိတ်ခံရသည်။ ပါမောက္ခများမှာ လယ်ယာစိုက်ကွင်းများသို့ အပို့ခံရကာ ဝက်ခြံသန့်ရှင်းရေးလုပ်ခြင်း သို့မဟုတ် လယ်စိုက်ခြင်း စသည့် အလုပ်ကြမ်းများကို လုပ်ကြရသည်။ လူတို့မှာ အချင်းချင်းရန်စောင်လာကြသည်။ အလုပ်သမားအချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ သားသမီးနှင့် မိဘအချင်းချင်း ရန်သူသဖွယ် ဆက်ဆံလာကြသည်။ သန်းနှင့်ချီသောလူများ ရှင်းလင်းခံရခြင်းနှင့်အတူ ယဉ်ကျေးမှုလည်း အမှိုက်ပုံးထဲရောက်ခဲ့ရသည်။ မျိုးဆက်တစ်ဆက်လုံး ပျက်စီးခဲ့ရသည်။

နောက်ပိုင်းတွင် အရှုံးအမှုးဖြစ်နေသောစိတ်၊ တစ်ယူသန်ဝါဒီများနှင့် အခွင့်အရေးသမားများ၏ မြှောက်ထိုးပင့်ကော် လုပ်ဆောင်မှုများကြောင့် “ယဉ်ကျေးမှုတော်လှန်ရေးကြီး”သည် အရှိန်မြင့်လာပြီး ထိန်းမနိုင်သိမ်းမရဖြစ်လာခဲ့၍ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)က တပ်နီများကို ပြန်လည်ရှင်းလင်းဖြိုခွင်းခဲ့ရလေသည်။

သို့ရာတွင် ဆယ်နှစ်ဆယ်မိုးကြာညောင်းခဲ့သည့် မဟာယဉ်ကျေးမှုတော်လှန်ရေးကြောင့် တရုတ်ပြည်၏ စီးပွားရေး၊ သိပ္ပံပညာ၊ ယဉ်ကျေးမှု၊ ပညာရေးဘက်အသီးသီးတွင် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် အကြီးအကျယ်ကွာဟသွားစေခဲ့သည်။

အဆိုပါ သမိုင်းကာလနှင့်ပတ်သက်၍ တရုတ်ပြည်၏ ပြုပြင်ပြောင်းလဲရေး ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က “၁၀ နှစ်တိုင် ကြာခဲ့တဲ့ ဒီမဟာယဉ်ကျေးမှုတော်လှန်ရေးဟာ ဘေးဒုက္ခကြီးတစ်ခုဖြစ်တယ်”ဟု ပြန်ပြောင်းသုံးသပ်ခဲ့သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး ကျန်ဇီမင်းကလည်း နှစ်ပေါင်း ၃၀ ကြာပြီးနောက်တွင် “လှပတဲ့ ယဉ်ကျေးမှုအနုပညာများကို ဂုဏ်သရေညှိုးအောင် လုပ်ခြင်းနဲ့ ဖျက်ဆီးခြင်းစတဲ့ မိုက်မဲတဲ့အပြုအမူတွေဟာ လုံးဝမှားယွင်းတယ်”ဟု ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသားများကလည်း ၁၀ နှစ် အိပ်မက်ဆိုးဟုဆိုကြသည်။ လူသားများ၏ ကျင့်ဝတ်နှင့် ယဉ်ကျေးမှုကို ရက်ရက်စက်စက်ဖျက်ဆီးသည့် နိုင်ငံရေးလှုပ်ရှားမှုအဖြစ်၊ လူအများစု၏ အကြမ်းဖက်

> ❝ NUG နှင့် PDF **တို့၏ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ ကမ္ဘာကြီးသည် နှစ်နှစ်ကျော် သုံးနှစ်နီးပါး နှုတ်ပိတ်ရေငုံ တုံဏှိဘာဝေ လုပ်နေခဲ့ကြပါသည်။ သို့ရာတွင် ယခုအခါ မြန်မာ့ဒီမိုကရေစီအရေး အတွက် ထောက်ခံအားပေးနေသည်ဆိုသည့် အမေရိကန်နိုင်ငံကြီး သည်ပင်လျှင် ပြီးခဲ့သည့် နိုဝင်ဘာ ၃၀ ရက် ညပိုင်းတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက “၂၀၂၂ ခုနှစ်အတွက် နိုင်ငံအလိုက် အကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံစာ** (Country Reports on Terrorism 2022)” **၌ စာရင်းဇယားများနှင့်တကွ ထုတ်ပြန်ဖော်ပြ** ❞

နိုင်ငံရေးအဖြစ် ရှုမြင်သုံးသပ်ခဲ့ကြသည်။ ယဉ်ကျေးမှုတော်လှန်ရေးသမိုင်းခေတ်ကို ခက်ခဲစွာဖြတ်သန်းခဲ့ဖူးသော ပညာရှင်တစ်ဦးကလည်း **“အဲဒီဒုက္ခတွေကို ကျွန်တော်တို့ ဘယ်တော့မှမမေ့ဘူး။ ပျက်စီးခဲ့တဲ့ အသက်တွေနဲ့ ပျက်စီးခဲ့တဲ့ မျိုးဆက်တစ်ဆက်ကို ကျွန်တော်တို့ ဘယ်တော့မှမမေ့ဘူး။ အဲဒီ တစ်ယူသန် လက်ဝဲစွန်းတွေကို ကျွန်တော်တို့ ဘယ်တော့မှ မမေ့ဘူး”**ဟု ဆိုခဲ့သည်။

**တစ်ယူသန် လက်ဝဲအစွန်းရောက်များ**

ထိုစဉ်က မဟာယဉ်ကျေးမှုတော်လှန်ရေးကြောင့် တရုတ်ပြည်ကြီး ဘေးဒုက္ခကျရောက်ခဲ့ရသည့်နည်းတူ မရေးမနှောင်းမှာပင် မြန်မာနိုင်ငံသည်လည်း တစ်ယူသန် လက်ဝဲအစွန်းရောက်များကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။ သခင်သန်းထွန်း ဦးဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီသည် တရုတ်ပြည်မဟာယဉ်ကျေးမှုတော်လှန်ရေးကို ပုံတူကူးချ၍ ပါတီတွင်းဖြုတ်ထုတ်သတ်မှုများကို အတောမသတ် လုပ်ဆောင်ခဲ့ပြန်ပါသည်။

အရွယ်မရောက်သေးသော၊ ပညာမတတ်သော လူငယ်များကို တပ်နီအဖြစ်အသုံးပြု၍ သဘောထားချင်းမတိုက်ဆိုင်သည့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များ၊ ပါတီဝင်များ၊ တောခိုတက္ကသိုလ်ကျောင်းသားများကို ပြန်လည်ပြင်ဆင်ရေးသမားများ၊ ပါတီ၏ရန်သူ၊ သစ္စာဖောက်များအဖြစ် စွပ်စွဲ၍ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့လေသည်။

ထို့နောက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ပေါက်ခေါင်းအပါအဝင် ကျေးလက်များတွင် အာဏာနီတည်ဆောက်ရေးဟုဆိုကာ အပြစ်မဲ့ အရပ်သားပြည်သူများ၊ တောင်သူလယ်သမားဦးကြီးများ၊ စာရေးစာချီဝန်ထမ်းများနှင့် ရဟန်းသံဃာများ ပါမကျန် “နေဝင်းအစိုးရ၏ ဒေါက်တိုင်များ၊ ကျောရိုးများ” ဟု စွပ်စွဲကာ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့ကြလေသည်။ ထိုသို့ သတ်ဖြတ်ရာတွင် လက်ဝဲမှိုင်းမိနေကြသော တပ်နီ လူငယ်များသည် သူတို့အခေါ် ငခုတ်ကြီး (ကိုင်းခုတ်ဓား)၊ ငဆော်ကြီး (ဝါးရင်းတုတ်) များကို အသုံးပြု၍ အပြစ်မဲ့ပြည်သူတို့၏ လည်ချောင်းသွေးဖြင့် ခြေဆေးကာ ကြွေးကြော်အောင်ပွဲခံခဲ့ကြပါသည်။

**လမ်းမှားပေါ်သို့ တွန်းပို့ခဲ့ကြ**

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်တွင်လည်း အာဏာရပါတီ NLD သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပေါ်ပေါက်လာခဲ့သော မဲမသမာမှုကို တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းရမည့်အစား ဖြေရှင်းခွင့်လည်းရှိနေပါလျက်နှင့် နွေဦးတော်လှန်ရေးဟုဆိုကာ လူငယ်များကို လမ်းပေါ် တွန်းတင်ပြီး အကြမ်းဖက်လမ်းစဉ်တည်းဟူသော လမ်းမှားပေါ်သို့ တွန်းပို့ခဲ့ကြပြန်ပါသည်။

ထို့နောက်တွင် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် PDF တို့သည် “ငါနှင့်မတူ ငါ့ရန်သူ” ဟူသော အစွန်းရောက်သဘောထားဖြင့် ရဟန်းသံဃာများ၊ ဆရာ ဆရာမ၊ ဆရာဝန်၊ ရဲတပ်ဖွဲ့ဝင်၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများစသည့် နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံရေးပါတီဝင်များ၊ အပြစ်မဲ့အရပ်သားပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ်မှစ၍ အကြမ်းဖက်အဖွဲ့အစည်းများ၏လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံးသူပေါင်း ၆၇၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။ ယခုတိုင်လည်း နိုင်ငံ့ဝန်ထမ်းများနှင့် သာမန်အရပ်သားပြည်သူများသည် အကြမ်းဖက်မှုအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေကြရဆဲဖြစ်သည်။

**နိုင်ငံအလိုက်အကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံစာ**

NUG နှင့် PDF တို့၏ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ ကမ္ဘာကြီးသည် နှစ်နှစ်ကျော် သုံးနှစ်နီးပါး နှုတ်ပိတ်ရေငုံ တုံဏှိဘာဝေ လုပ်နေခဲ့ကြပါသည်။ သို့ရာတွင် ယခုအခါ မြန်မာ့ဒီမိုကရေစီအရေးအတွက် ထောက်ခံအားပေးနေသည်ဆိုသည့် အမေရိကန်နိုင်ငံကြီးသည်ပင်လျှင် ပြီးခဲ့သည့် နိုဝင်ဘာ ၃၀ ရက် ညပိုင်းတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက “၂၀၂၂ ခုနှစ်အတွက် နိုင်ငံအလိုက်အကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံစာ (Country Reports on Terrorism 2022)” ၌ စာရင်းဇယားများနှင့်တကွ ထုတ်ပြန်ဖော်ပြလာသည်။

ယင်းအစီရင်ခံစာအတွက် ကိုးကားထားသော “Annex of Statistical Information” ခေါင်းစဉ်ပါ စာရင်းဇယားအချက်အလက်များတွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ထူးခြားချက်အဖြစ် “၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များအနက် ၁၉၈ မှု (ဖြစ်စဉ်အားလုံး၏ ၅၀ ရာခိုင်နှုန်း)ကို အဓိကကျူးလွန်သူသည် PDF အကြမ်းဖက်အဖွဲ့ဖြစ်သည်”ဟူ၍ ဖော်ပြထားသည်။

အဆိုပါကိုးကားထားသော “Annex of Stat-istical Information” တွင် “Geographic Trends of Terrorism” ခေါင်းစဉ်အောက်၌ နိုင်ငံအလိုက် စာရင်းဇယားအချက်အလက်များကို ဖော်ပြထားရာ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု ၃၉၁ မှုရှိခဲ့ပြီး သေဆုံးသူ ၂၁၃၀ ရှိကြောင်းနှင့် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အကြမ်းဖက်မှုဖြစ်စဉ်များတွင် ၁၀ ရာခိုင်နှုန်းနှင့်သေဆုံးမှုတွင် ၅၀ ရာခိုင်နှုန်းတိုးမြှင့်လာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များအနက် ၁၉၈ မှု (ဖြစ်စဉ်အားလုံး၏ ၅၀ ရာခိုင်နှုန်း)ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) က အဓိကကျူးလွန်ခဲ့ပြီး ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့ (CDF) က အကြမ်းဖက်မှု ၂၉ မှု (ခုနစ်ရာခိုင်နှုန်း)၊ ကရင်နီတိုင်းရင်းသားများကာကွယ်ရေးတပ်ဖွဲ့ (KNDF) က အကြမ်းဖက်မှု ၂၇ မှု(ခုနစ်ရာခိုင်နှုန်း)ကျူးလွန်ခဲ့ပြီး မည်သည့်အဖွဲ့က ကျူးလွန်ကြောင်း တိကျစွာမသိရှိရသည့် အကြမ်းဖက်မှု (၁၄ ရာခိုင်နှုန်း) ရှိကြောင်း ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံ၌ အများဆုံးတွေ့ရှိရသည့် အကြမ်းဖက်မှုအမျိုးအစားများမှာ ပစ်ခတ်မှု ၃၈ ရာခိုင်နှုန်း၊ မြေမြှုပ်မိုင်း သို့မဟုတ် Improvised Explosive Device (IED) ၂၁ ရာခိုင်နှုန်းနှင့် ဗုံးခွဲမှု ၁၉ ရာခိုင်နှုန်းတို့ဖြစ်ပြီး မြန်မာနိုင်ငံ၌ အကြမ်းဖက်မှု အများဆုံးဖြစ်ပွားရာဒေသများအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ကို ဖော်ပြထားကာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၀၇ မှု (၂၇ ရာခိုင်နှုန်း)၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၄၂ မှု (၁၁ ရာခိုင်နှုန်း)နှင့် ကချင်ပြည်နယ်တွင် ၃၆ မှု (ကိုးရာခိုင်နှုန်း) ဖြစ်ကြောင်း ထုတ်ပြန်ဖော်ပြခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယခုအစီရင်ခံစာမှစတင်၍ PDF များ၏ အကြမ်းဖက်မှုများအား ဖော်ပြခဲ့ခြင်းဖြစ်ရာ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့်

**စာမျက်နှာ ၇ သို့** ☆

> ❝ **ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများက မိမိအာဏာရရှိရေး၊ မိမိအာဏာတည်မြဲရေးအတွက် လူငယ်ထုကို မြှောက်ပင့်သွေးထိုးလှုံ့ဆော်ကာ လူငယ်တို့၏ နိုးကြားတက်ကြွသောအားမာန်အပေါ် တလွဲအသုံးချ၍ လမ်းမှားပေါ်သို့ တွန်းပို့တတ်ကြပြန်ပါသည်။ သို့ဖြင့် မသိနားမလည်မှုကြောင့်လမ်းမှားပေါ်သို့ရောက်ရှိနေကြသော အချို့သောမြန်မာလူငယ်များ အနေဖြင့်လည်း အမြင်မှန်ရပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည့် လူငယ်များနည်းတူ အကြမ်းဖက်မှုဝဲဂယက်အတွင်းမှ ရုန်းထွက်ချိန်တန်ပါပြီ** ❞




## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေ ရခိုင်ပြည်နယ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

**စစ်တွေ ဒီဇင်ဘာ ၁၆**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ အားကစားပြိုင်ပွဲများ၊ Physical Fitness Dance များ စုပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်၏ ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို စစ်တွေမြို့ ဧည့ဝတီ အားကစားကွင်း၌ ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများ စုစုပေါင်းအင်အား ၆၀၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

စုပေါင်းလမ်းလျှောက်ပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဖွင့်လှစ်ပေးကြပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းလမ်းလျှောက်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

စစ်တွေမြို့တွင် ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှုအဖြစ် အပတ်စဉ်စနေနေ့တိုင်း စုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်မြို့၌ ဆီထွက်သီးနှံနေကြာစိုက်ပျိုးခြင်းနှင့် သစ်စိမ်းမြေသြဇာ ကွင်းပိတ်စိုက်ပျိုးပွဲ ကျင်းပ

**ပုသိမ် ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မရမ်းချောင်းကျေးရွာ၌ တောင်သူများတွေ့ဆုံပွဲ၊ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးခြင်းနှင့် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ကွင်းပိတ်စိုက်ပျိုးပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။



**ပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက လာမည့် မိုးစပါးစိုက်ရာသီတွင် ရေတော်မိုးတော် စိုက်ဧက ၂၇ သိန်းကျော်အား ပိုက်ဆံလျှော်များ အပြည့်အဝ ထည့်သွင်းစိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်နိုင်ရန် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အသီးသီး၌ ရည်မှန်းချက်ထား ဆောင်ရွက်ခဲ့ပါကြောင်း၊ ပိုက်ဆံလျှော် ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် တောင်သူများ၏ လယ်ကေများ၌ ဓာတ်မြေသြဇာ လိုအပ်ချက် လျှော့ချနိုင်ပြီး မြေဆီလွှာပျက်စီးမှုများကို ပြန်လည်ကောင်းမွန်စေမည်ဖြစ်ပါကြောင်း၊ သီးနှံများ စိုက်ပျိုးရာတွင် မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင် စိုက်ပျိုးရမည် ဖြစ်ပါကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)၊ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆီထွက်သီးနှံ နေကြာနှင့် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)ကွင်းပိတ် စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာများက စုပေါင်းစိုက်ပျိုးပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စိုက်ပျိုးပြီးစီး**

ပုသိမ်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ဆောင်းရာသီ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ထုတ်စိုက်ဧက ၂၅၀၀ ကွင်းပိတ်စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## စစ်သားအို၏ သစ္စာတရား

✤ တက္ကသိုလ်ဝင်၊ အောင်ခဲ့စဉ်က
ရွေးချင်စရာ၊ များလှပါလည်း
ဝါသနာအလျောက်၊ တပ်ထဲရောက်ခဲ့
မကြောက်မရွံ့၊ နောက်မတွန့်ဘဲ
ဝံ့ဝံ့စားစား၊ အန္တရာယ်ကြားမှာ
ငါကားပျော်မွေ့၊ ခြောက်ဆယ်ပြည့်မှ
မမေ့ချင်ချင်၊ မေ့ချင်ချင်နှင့်
တပ်ရင်ခွင်မှ ခွာရတကား။

✤ အရပ်သားပေါ့....
ကိုယ့်အားကိုယ်သာ၊ ကိုယ်ကိုးရတည့်
ဝမ်းစာနေရေး၊ ကျန်းမာရေးတွက်
အပြေးအလွှား၊ လှိုင်းလေကြားမှာ
ငါကားတစ်ဖန်၊ ကြံ့ကြံ့ခံလျက်
ရုန်းကန်နေရင်း၊ တပ်သတင်းတို့
ကောင်းခြင်းစုံညီ၊ ကြားသိသည်တွင်
ပီတိဖြစ်ရ၊ ဝမ်းသာရနှင့်
ဘဝအမောပြေတကား။

✤ တစ်ခါတစ်ရံ၊ စစ်ထုံးစံလျှင်
ခံရတစ်ချို၊ ကြုံတောင့်သည်လည်း
မကြည်နားခါး၊ ကိုယ့်သွေးသားသို့
ခံစားစာနာ၊ တက်ခေါက်ပါမိ
ဇရာချဉ်းအို၊ စိတ်ကားပျိုဆဲ
လိုအပ်ချိန်၌၊ ခါးတောင်းကျိုက်၍
ထိုက်လျောက်ပြည့်ဝန်၊ ရှပ်ရှပ်ချုံစွာ
ကျေပွန်စွန့်လွှတ်ချင်သေးတကား
စစ်သားအို၏ သစ္စာတရား။ ။

**ကို(တက္ကသိုလ်)**

☆ စာမျက်နှာ ၆ မှ

တထိတ်ထိတ်တလန့်လန့် ကျီးလန့်စာစားဖြစ်နေကြရသည့် သာမန်အရပ်သားပြည်သူများနှင့် ငြိမ်းချမ်းရေးကို လိုလားပြီး အေးချမ်းစွာနေထိုင်လိုကြသည့် မြန်မာပြည်သူလူထုကြီးအတွက် သတင်းကောင်းတစ်ရပ်ဖြစ်ခဲ့သည်။

**ကိုယ်ကျိုးရှာငို့ဘ အစွန်းရောက်ဝါဒီများအတွက် အချက်ပေးသံချောင်းခေါက်သံ**

ထိုနည်းတူ ကျည်ကွယ်မျက်ကွယ် ဘေးလွတ်ရာ ပြည်ပနိုင်ငံများတွင် နေထိုင်ပြီး မိမိတို့အာဏာ ပြန်လည်ရရှိရေးအတွက် လူငယ်များကို အသုံးချ၍ အကြမ်းဖက်လမ်းစဉ် လမ်းမှားသို့ တွန်းပို့ ခိုင်းစေခဲ့သော နိုင်ငံရေးသမားအမည်ခံ ကိုယ်ကျိုးရှာငို့ဘ အစွန်းရောက်ဝါဒီများအတွက်လည်း အချက်ပေးသံချောင်းခေါက်သံတစ်ရပ် ဖြစ်လာသည်။

ကမ္ဘာပေါ်ရှိ အကြမ်းဖက်မှုဖြစ်စဉ်များကို လေ့လာကြည့်လျှင် အကြမ်းဖက်အဖွဲ့များသည် နိုင်ငံရေး၊ သဘောတရားရေး၊ ဘာသာရေး၊ လူမျိုးရေးရည်မှန်းချက်များအလို့ငှာ အကြမ်းဖက်နည်းလမ်းများကိုအသုံးပြုရာတွင် ပြည်သူလူထုကို ကြောက်လန့်စေရန်၊ ချောက်ချားလာစေရန် ဖန်တီးလုပ်ဆောင်လေ့ရှိကြသည်။

ထို့ကြောင့် ကုလသမဂ္ဂက လုံခြုံရေးကောင်စီ Resolution ၁၅၆၆ တွင် နိုင်ငံရေးအရ၊ သဘောတရားအရ ရည်ရွယ်ပြီး သာမန်လူထုကိုဖြစ်စေ၊ အုပ်စုတစ်ခုကိုဖြစ်စေ တမင်သက်သက်ထိခိုက်ဒဏ်ရာရရှိအောင်၊ သေဆုံးအောင် သို့မဟုတ် ပြန်ပေးဆွဲခြင်းစသည့် ရာဇဝတ်မှုထိုက်သင့်သည့်လုပ်ရပ်များကို Terrorism ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

သို့ရာတွင် အကြမ်းဖက်ဝါဒီများသည် အကြမ်းဖက်မှုများကို လုပ်ဆောင်ရာတွင် ရိုးသားသော၊ မသိနားမလည်သော လူငယ်များကို သွေးထိုးလှုံ့ဆော်မြှောက်ပင့်၍ လည်းကောင်း၊ အမုန်းတရားများ ရိုက်သွင်း၍ လည်းကောင်း စေခိုင်းလေ့ရှိသည်။ အယ်လ်ကေဒါ၊ ဟားမတ်စ်၊ တာလီဘန်နှင့် တစ်ချိန်က သီရိလင်္ကာမှ ဘလက်တိုက်ဂါးအကြမ်းဖက်အဖွဲ့များဆိုလျှင် အကြမ်းဖက်မှုများကို လုပ်ဆောင်ရာ၌ လူငယ်များသာမက ကလေးသူငယ်များနှင့် အမျိုးသမီးများကိုပါ အသေခံဗုံးခွဲသူများအဖြစ် အသုံးချခဲ့ကြသည်။

သို့ဖြင့် မသိနားမလည်မှုကြောင့် လမ်းမှားပေါ်သို့ ရောက်ရှိနေကြသော အချို့သောမြန်မာလူငယ်များ အနေဖြင့်လည်း အမြင်မှန်ရပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည့်လူငယ်များနည်းတူ အကြမ်းဖက်မှုဝဲဂယက်အတွင်းမှ ရုန်းထွက်ချိန်တန်ပါပြီ။ ။

# ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅)နှစ်အောက် ဘောလုံး(အမျိုးသမီး) ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

National Fitness ဖြစ်သည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအား ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးဖြင့် ချစ်ခင်ရင်းနှီးမှုရရှိစေရေး၊ ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာဖြင့် လုပ်ငန်းတာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅) နှစ်အောက် ဘောလုံး (အမျိုးသမီး)ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)နှင့် ကွင်းအမှတ်(၃)တို့၌ ကျင်းပသည်။





ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ယနေ့နံနက် ၇ နာရီခွဲတွင် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို လေးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

**ကြည့်ရှုအားပေး**

အဆိုပါ (အမျိုးသမီး)ဘောလုံး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

**ဆက်လက်ယှဉ်ပြိုင်**

ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုလှုပ်ရှားမှု ဆေးကုသခြင်း ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုလှုပ်ရှားမှုဆေးကုသခြင်းကို ယနေ့တွင် နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်ရှိ ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ ပြင်ပလူနာဌာနခွဲ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဌွေးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြပြီး အမျိုးသားပရဆေးဥယျာဉ်အတွင်း စိုက်ပျိုးထားရှိသည့် ဆေးဖက်ဝင်ပရဆေးပင်များကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အကြိုလှုပ်ရှားမှုဆေးကုသခြင်းတွင် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ နေပြည်တော်မှ ဆေးရုံအုပ်ကြီး ဒေါ်မူမူချို ဦးဆောင်သော တိုင်းရင်းဆေးပညာရှင်များက သွေးတိုး၊ ဆီးချို၊ လေငန်း၊ လေဖြန်း၊ ပါးရွဲ့ရောဂါများ၊ ဒူးနာ၊ ခါးနာ၊ ကျီးပေါင်းရောဂါများ၊ အဆစ်ရောင်၊ အဆစ်နာရောဂါများ၊ မီးယပ်ရောဂါများ၊ ကလေးသူငယ်နာရောဂါများ၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် အနာပေါက်ရောဂါများ၊ ရာသီတုပ်ကွေးနှင့် အဖျားရောဂါစသဖြင့် စုစုပေါင်းလူနာ ၂၇၀ အား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများအဖြစ် သောက်ဆေး၊ လိမ်းဆေး၊ အကြောပြင်ကုသခြင်း၊ ကြပ်ထုပ်ထိုးကုသခြင်းနှင့် ဆေးစည်းဆေးကပ်ခြင်းစသည့် ကုသမှုများ ဆောင်ရွက်ပေးကြပြီး နေပြည်တော်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှူး၊ ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးတို့ ပူးပေါင်းပါဝင် ဆောင်ရွက်ကြသည်။



(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းဆေးဆရာကြီးများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ ဒီဇင်ဘာလ စုပေါင်းလူထုလမ်းလျှောက်ပွဲ(တတိယပတ်)ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ ပဲခူးမြို့တွင် ဒီဇင်ဘာလ စုပေါင်းလူထုလမ်းလျှောက်ပွဲ (တတိယပတ်)အား ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ခဲ့သည်။

ဦးစွာ လူထုလမ်းလျှောက်ပွဲအား လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးက သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပဲခူးတက္ကသိုလ်နှင့် ပဲခူးမြို့အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ သားဖွားသင်တန်းကျောင်းမှသင်တန်းသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပဲခူးမြို့ ရပ်ကွက်အသီးသီးမှ ပြည်သူများက ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်းရှေ့မှ စတင်၍ တောင်ငူလမ်းမ၊ ရှင်စောပုလမ်း၊ ရွှေမော်ဓောဘုရားလမ်းနှင့် ဟင်္သာလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး ဟံသာဝတီယူနိုက်တက် အားကစားကွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)နှင့်အတွဲ(၂)တို့အပြင် fitness dance တို့အား စုပေါင်းပြုလုပ်ကြကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်၌ (၇၆ )နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အသိပညာပေး ဟောပြော

**ကျိုက်ထို ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာမူလတန်းကျောင်း(ကော့ဘိန်း-၁)၌ ပြုလုပ်ခဲ့သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ခိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာပေများကို လေ့လာဖတ်ရှုကြရေး ဆွေးနွေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသူ ကျောင်းသားများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာပေများ၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ်အသိပညာပေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသားကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်မြို့နယ်များရှိ သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်များအတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ သွားရောက်ကာ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြ ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ညွှန်ကြားရေးမှူးချုပ်များက ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့နယ် နောင်ကားကျေးရွာ၌ "ခမ်း"ရတနာနွားမွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်း၏ နိုင်ငံ့စီးပွားမြှင့်တင် ရေးရန်ပုံငွေဖြင့် ခြံလှောင်စနစ်ဖြင့် ဒေသနွားမွေးမြူ ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမအသင်းများဖွဲ့စည်းကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများ စုပေါင်း ဆောင်ရွက်ကြရန်မှာကြားကာ နိုင်ငံ့စီးပွားမြှင့်တင် ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် ခြံလှောင်စနစ် ဖြင့် စုပေါင်းနွားမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆီဆိုင်မြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် မိုက်တီး-နောင်ဘိုလမ်း မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟိုပုံးမြို့နယ် ဟိုနား ကျေးရွာ၌ ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ကျေးရွာရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ ၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးစား ဆောင်ရွက်ကြရန်မှာကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

**ပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟိုပုံးမြို့နယ် ဟိုပွေး ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာယာယီရှင်းလင်း ဆောင်၌ Green Gold ကော်ဖီစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် အမှုဆောင်များ၊ အသင်းသားများ၊ ဒေသခံပြည်သူ များနှင့်တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးထုတ်လုပ်သော သမဝါယမအသင်းသားများနှင့် ကော်ဖီစိုက် တောင်သူများ၏ အခက်အခဲများ၊ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ အမှန်တကယ်လုပ်ငန်းလုပ်ကိုင်သူများအ တွက် အကျိုးရှိအောင်ကူညီဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ် အတွင်းရှိ ကော်ဖီစိုက်တောင်သူများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် စီမံဆောင်ရွက်ပေးခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များ ကို ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာရင်းကောင်စီအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး (၄/၂၀၂၃) ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံစာရင်းကောင်စီ အလုပ်အမှုဆောင်အဖွဲ့အစည်း အဝေး (၄/၂၀၂၃)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယစာရင်း စစ်ချုပ် ဒေါ်နိုင်သက်ဦး၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည်၊ ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။


အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က မြန်မာနိုင်ငံ စာရင်းကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းကဏ္ဍမှ အားဖြည့်ဆောင်ရွက်လျက်ရှိရာ စာရင်းပညာနှင့် စာရင်း လုပ်ငန်းနယ်ပယ်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်မှုများသည် အရေးပါသည့် လုပ်ငန်းရပ်များဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင် တန်းဆောင်ရွက်နိုင်သည့် အရည်အသွေးပြည့်ဝသော စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ တိုးပွားလာရေး၊ ကျင့်ဝတ်သိက္ခာ စောင့်ထိန်း လိုက်နာရေးနှင့် အာဆီယံသာမက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု များ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ပြင် အမှုဆောင်အဖွဲ့ဝင်များအနေဖြင့် အသင်းသားများ အား ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ တာဝန်ပေးလုပ်ငန်းများ၊ စစ်ဆေးမှုလုပ်ငန်းများ တွင် တက်ကြွစွာပူးပေါင်းပါဝင်ရေး တိုက်တွန်းဆောင်ရွက်ရန် လိုအပ် ကြောင်း ပြောကြားသည်။

ထို့နောက် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆောင်ရွက် ပြီးစီးမှုများ၊ ဆောင်ရွက်ဆဲနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းရပ်များ ကို အလုပ်အမှုဆောင်အဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ နိဂုံးချုပ်အမှာ စကား ပြောကြားသည်။

**သတင်းစဉ်**

❖ **ကျောဖုံးမှ**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနသည် ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေများကို ထိန်းသိမ်းရန်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များတည်တံ့စေရန်၊ တောရိုင်းတိရစ္ဆာန် များနှင့် သဘာဝအပင်များ၏နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန် စသည့် သဘာဝအမွေအနှစ် များအပြင် သမိုင်းကြောင်းနှင့် ရှေးဟောင်း အမွေအနှစ်များကို ထိန်းသိမ်းရန်ရည်ရွယ်၍ ဘူမိဥယျာဉ်ကို သတ်မှတ်ဖွဲ့စည်းထားခြင်းဖြစ်ပါ သည်။



မြန်မာနိုင်ငံ အပူပိုင်းဒေသ၏ အိုအေစစ်(Oasis) သဖွယ်ဖြစ်သည့် ပုပ္ပားတောင်ဒေသနှင့် ဇီဝမျိုးစုံမျိုးကွဲ များကို ထိန်းသိမ်းကာကွယ်ရန်အတွက် ၁၉၈၉ ခုနှစ်တွင် ပုပ္ပားတောင်ဥယျာဉ်အဖြစ် ဖွဲ့စည်းခဲ့ပြီး ကျွန်း၊ ပျဉ်းကတိုး၊ တမလန်း၊ အင်ကြင်း စသည့် အဖိုးတန်သစ်မျိုးများနှင့် ဆေးဖက်ဝင်အပင်များ အပြင် စန္ဒကူး၊ စကားဝါ၊ သစ်ဆိမ့်မှအစ အပူပိုင်းဒေသ မျိုးရင်းအပင်မျိုးစိတ်များ၊ ပုပ္ပားမျောက်မြီးရှည် အပါအဝင်နို့တိုက်သတ္တဝါမျိုးစိတ်များ၊ ဒေသမျိုးရင်း ငှက်မျိုးစိတ်များဖြစ်သည့် နဖားကြူးအမြီးဝိုင်း၊ ဇွေ့ အပါအဝင် အခြားငှက်မျိုးစိတ်များ၊ တွားသွား သတ္တဝါနှင့် ကုန်းနေရေနေသတ္တဝါမျိုးစိတ်များ၊ အင်းဆက်နှင့် လိပ်ပြာမျိုးစိတ်များ စသည်တို့အား ထိန်းသိမ်းကာကွယ်လျက်ရှိပါသည်။

ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ် သတ်မှတ် ခြင်းဖြင့် ပုပ္ပားဒေသရှိ ထူးခြားသည့်ဘူမိရုပ်သွင်နှင့် ကမ္ဘာ့အဆင့်ဘူမိဗေဒဆိုင်ရာ ဖြစ်တည်မှုများ၊ မီးတောင်ဖြစ်စဉ်များနှင့် ဘူမိဗေဒဆိုင်ရာ အမွေ အနှစ်များကို ထိန်းသိမ်းနိုင်ခြင်း၊ ထူးခြားသည့် ဘူမိရုပ်သွင်နှင့် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းနိုင်ခြင်း၊ ဘူမိခရီးသွားလုပ်ငန်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ကို အထောက်အကူပြုနိုင်ခြင်း၊ ဂေဟစနစ်များ တည်တံ့စေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သစ်တော သယံဇာတများကို စနစ်တကျ ထိရောက်စွာ စီမံ အုပ်ချုပ်နိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**

(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ ဂုဏ်ပြုဆောင်းပါး

# တွဲလက်ညီညီရှေ့သို့ချီ တိုင်းရင်းဆေးသမားတော်များညီလာခံဆီ

မိုးမိုးသန်း၊ သန္တာဝင်း၊ နန်းခင်ထွေး (တိုင်းရင်းဆေးပညာဦးစီးဌာန)

(၂၂)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်

မြန်မာ့တိုင်းရင်းဆေးပညာသည် ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်စသည့် ခေတ်ကာလများကတည်းက သမိုင်းအထောက်အထားခိုင်မာစွာတည်ရှိခဲ့သည့် ဆေးပညာတစ်ရပ် ဖြစ်ပါသည်။ မြန်မာလူမျိုးတို့သည် မိမိတို့၏ မိရိုးဖလာတိုင်းရင်းဆေးကို သုံးစွဲခဲ့ကြသည့်အပြင် ဘဝရှင်သန်ရေးအတွက် လက်လှမ်းမီရာ ဆေးမြီးတိုများကိုလည်း သုံးစွဲကြသည်။

**ဘိုးစဉ်ဘောင်ဆက် မြန်မာ့တိုင်းရင်းဆေးဝါးများကို အားကိုးအားထားပြု**

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာနိုင်ငံ၏ ရေမြေသဘာဝ၊ မြန်မာ့ဓလေ့စရိုက်နှင့် မြန်မာလူမျိုးတို့ကိုးကွယ်ရာ ထေရဝါဒ ဗုဒ္ဓဘာသာတို့ကိုအခြေခံသည့် ရိုးရာအယူအဆ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ယှက်နွယ်၍ မြန်မာ့လူ့ဘောင် အဖွဲ့အစည်းအတွင်း အမျိုးသားရေးအမွေအနှစ် ဆေးပညာတစ်ရပ်အဖြစ် ရှင်သန်လာခဲ့ပါသည်။ ထို့အပြင် မြန်မာ့ရေမြေသဘာဝအလျောက် နိုင်ငံအနှံ့အပြားပေါကြွယ်စွာပေါက်ရောက်နေသည့် ဆေးဖက်ဝင်အပင်များသည်လည်း တန်ဖိုးမဖြတ်နိုင်သော ဘိုးဘွားအမွေအနှစ်များပင် ဖြစ်ပါသည်။ မြန်မာတိုင်းရင်းသားလူမျိုးတို့သည် ဘိုးစဉ်ဘောင်ဆက် မြန်မာ့တိုင်းရင်းဆေးပညာ၊ မြန်မာ့တိုင်းရင်းဆေးဝါးများကို အားကိုးအားထားပြု၍ ရပ်တည်လာခဲ့ကြပြီး ယနေ့ခေတ်တိုင်အောင် ယုံကြည်နှစ်ခြိုက်စွာ သုံးစွဲလျက်ရှိပါသည်။

ယနေ့ခေတ်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌လည်း သဘာဝအတိုင်း စိုက်ပျိုးပေါက်ရောက်ပြီး အာနိသင်ထက်မြက်သည့် ဆေးဖက်ဝင်ပရဆေးပင်များ၊ သစ်မြစ်၊ သစ်ဉတို့ကို အသုံးပြု၍ Natural Medicine ခေါ် သဘာဝဆေးများအဖြစ် မိမိတို့၏ရေမြေပေါ်ရှိ အစွမ်းထက်မြက်သော ဆေးဖက်ဝင်အပင်များဖြင့် ဖော်စပ်အသုံးပြုနေကြပြီ ဖြစ်ပါသည်။

ရှေးယခင်ကတည်းက ယနေ့ထိတိုင်အောင် မြန်မာလူမျိုးတို့သည် မြန်မာ့ရိုးရာဆေးပညာ၏ အဖိုးမဖြတ်နိုင်သော အစွမ်းသတ္တိများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထွန်းကားပြန့်ပွားရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလျက်ရှိကာ မျက်မှောက်ကာလတွင်လည်း တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်တို့အနေဖြင့် မြန်မာ့တိုင်းရင်းဆေးဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် (၁) မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း မြင့်မားလာစေရန်၊ (၂) အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးရန်၊ (၃) အရည်အသွေးမြင့်မားသော မြန်မာ့တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရန်စသော ရည်မှန်းချက်သုံးရပ်ကို အလေးထား၍ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ တိုင်းရင်းဆေးနှင့် နီးနွယ်ပညာရှင်များ၏ တိုင်းရင်းဆေးပညာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် ပြည်သူလူထုကြားတွင် တိုင်းရင်းဆေးကို အားကိုးအားထားပြုလျက်ရှိကြသည်မှာ မျက်ဝါးထင်ထင် တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

ဤကဲ့သို့ ပြည်သူလူထု၏ အားပေးမှုနှင့်အတူ နိုင်ငံတော်ကလည်း တိုင်းရင်းဆေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်က အားပေးမြှင့်တင်ပေးလျက်ရှိပြီး ၂၀၀၀ ပြည့်နှစ်မှစတင်၍ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲများကို ကျင်းပပေးခဲ့ရာ ယခုဆိုလျှင် (၂၂) ကြိမ်မြောက်သို့ရောက်ရှိခဲ့ပြီဖြစ်ကာ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC-2) တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ၌ နိုင်ငံတော်အဆင့် ကျင်းပမည်ဖြစ်ပါသည်။

ယခုကျင်းပမည့် (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကို -

(က) တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းပြည်ပရှိ ဆက်စပ်နီးနွယ်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ခ) ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးမြင့်မားသည့် အစွမ်းထက်တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရန်၊

(ဂ) ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များဖြစ်လာစေရေး လေ့ကျင့်သင်ကြားပေးရန်၊

(ဃ) ပြည်သူလူထု၏ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးရန်စသော ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပါသည်။

**အသိပညာရှင် အတတ်ပညာရှင်များ တက်ရောက်ကြမည်**

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့နှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ နီးနွယ်သောဌာနများ၊ အသင်းအဖွဲ့များမှ အသိပညာရှင် အတတ်ပညာရှင်များ တက်ရောက်ကြမည်ဖြစ်ပါသည်။ ညီလာခံတွင် -

(၁) တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ တိုင်းရင်းဆေးတက္ကသိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊

(၂) ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးနှင့် အာနိသင်ပြည့်ဝသည့် ပိုမိုကောင်းမွန်သော ဦးစီးဌာနသုံး တိုင်းရင်းဆေးဝါးများပေါ်ထွက်လာစေရေးအတွက် သုတေသနလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ရန်၊

(၃) တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအရည်အသွေးများ ပိုမိုတိုးတက်မြင့်မားလာစေရန် တိုင်းရင်းဆေးပညာရှင်များအတွက် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၄) တိုင်းရင်းဆေးပညာဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် စသည့် အဆိုပြုချက်များကို တင်သွင်းသွားကြမည်ဖြစ်ပါသည်။

**တန်ဖိုးမဖြတ်နိုင်သော ရလဒ်ကောင်းများရရှိအောင်ကြိုးပမ်း**

တက်ရောက်လာသော ညီလာခံကိုယ်စားလှယ်တော်ကြီးများက တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ အတွေ့အကြုံ၊ အတွေးအခေါ်အယူအဆ၊ အသိပညာများဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြမည်ဖြစ်ကာ တိုင်းရင်းဆေးပညာရပ်ဝန်းအတွက် တန်ဖိုးမဖြတ်နိုင်သော ရလဒ်ကောင်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာတမ်းရှင်များက တိုင်းရင်းဆေးပညာ ရိုးရာကုထုံးနည်းစနစ်နှင့် ဆေးဝါးဆိုင်ရာစာတမ်းများ ဖတ်ကြားဆွေးနွေးကြမည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်အကြီးအကဲ၏ အားပေးချီးမြှောက်မှု၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်လမ်းညွှန်မှု၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ယခုကျင်းပမည့်ညီလာခံသို့ တက်ရောက်လာကြမည့် ညီလာခံကိုယ်စားလှယ်တော်ကြီးများနှင့် နီးနွယ်ပညာရှင်များအနေဖြင့် တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြပါရန် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

❖ **ယနေ့ခေတ်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌လည်း သဘာဝအတိုင်း စိုက်ပျိုးပေါက်ရောက်ပြီး အာနိသင်ထက်မြက်သည့် ဆေးဖက်ဝင်ပရဆေးပင်များ၊ သစ်မြစ်၊ သစ်ဉတို့ကို အသုံးပြု၍ Natural Medicine ခေါ် သဘာဝဆေးများအဖြစ် မိမိတို့၏ရေမြေပေါ်ရှိ အစွမ်းထက်မြက်သော ဆေးဖက်ဝင်အပင်များဖြင့် ဖော်စပ်အသုံးပြုနေကြပြီဖြစ်**

❖ **ရှေးယခင်ကတည်းက ယနေ့ထိတိုင်အောင် မြန်မာလူမျိုးတို့သည် မြန်မာ့ရိုးရာဆေးပညာ၏ အဖိုးမဖြတ်နိုင်သော အစွမ်းသတ္တိများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ထွန်းကားပြန့်ပွားရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိကာ မျက်မှောက်ကာလတွင်လည်း မြန်မာ့တိုင်းရင်းဆေးဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**



## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဒီဇင်ဘာလူထုအားကစားလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲ

**ဘားအံ ဒီဇင်ဘာ ၁၆**

၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၅ နာရီခွဲခန့်က ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိလမ်း ဝန်ကြီးများအိမ်ရာရှေ့၌ စုရပ်ပြုလုပ်၍ ကျင်းပသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘားအံတက္ကသိုလ်နှင့် ဘားအံပညာရေးဒီဂရီကောလိပ်တို့မှ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၂၂၅၀ ခန့် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် စုပေါင်းလူထုလမ်းလျှောက်ပွဲပါဝင်ဆင်နွှဲသူများသည် စုရပ်ဖြစ်သော ဝန်ကြီးများအိမ်ရာရှေ့မှ သီရိလမ်း၊ ကမော့ကစင်- ရွာသစ်လမ်း၊ ပဒုံမာလမ်း၊ ကြာအင်းမီးပွိုင့်လမ်းဆုံမှ အထက(၄) ကျောင်းလမ်း၊ ထိုမှတစ်ဆင့် သီရိလမ်းအတိုင်း သီရိကွင်းအတွင်းပြန်လည်ဝင်ရောက် စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး သီရိကွင်းအတွင်း၌ တစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဘယ်၊ ညာ ခြောက်ပေအကွာ အနေအထားဖြင့် အကြောလျှော့ လေ့ကျင့်ခန်းများဆောင်ရွက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအစီအစဉ် အတွဲအမှတ်(၁) နှင့် အမှတ်(၂) တို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




## ရန်ကုန်မြို့တော်ဝန် မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းဆုံတိုးချဲ့နေမှု၊ ဦးဝိစာရလမ်း မြေအောက်လမ်းကူး လူသွားဥမင်စီမံကိန်းနှင့် ဝေဇယန္တာလမ်း ထပ်ပိုးလှာခင်းခြင်း လမ်းအဆင့်မြှင့်တင်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် ပြည်လမ်းနှင့် ခရေပင်လမ်းဆုံမီးပွိုင့်၌ ကွန်ကရစ်လမ်းခင်းရန် လမ်းသားတိုးချဲ့ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် မြို့တော်ဝန်က လမ်းပခုံးသားများ ပြေပြစ်ခိုင်ခံ့စေရေး၊ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်ဆောင်ရွက်ရေးနှင့် လမ်းမီးတိုင်နှင့် ဓာတ်အားလိုင်းများ လမ်းနှင့်လွတ်ကင်းအောင် ရွှေ့ပြောင်းရေး သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ပြည်လမ်းတပ်မတော်အရိုးအထူးကု ဆေးရုံကြီး ခုတင် ၅၀၀ သို့ရောက်ရှိပြီး တာဝန်ကျဝန်ထမ်းများ အမှိုက်များသိမ်းဆည်းရှင်းလင်းနေစဉ် မသမာသူများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် သန့်ရှင်းရေးဝန်ထမ်း နှစ်ဦးကိုတွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် ရန်ကုန်မြို့တော်ဝန်သည် ယမန်နေ့ညပိုင်းက ဒဂုံမြို့နယ် ဦးဝိစာရလမ်း၊ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင်ပန်းခြံအကြား မြေအောက်လမ်းကူး လူသွားဥမင် (Underpass) တည်ဆောက်ရေး စီမံကိန်းနှင့် ဝေဇယန္တာလမ်းကတ္တရာ ကွန်ကရစ်ထပ်ပိုးလွှာခင်း လမ်းအဆင့်မြှင့်တင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် ဧရိယာအတွင်း ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် သတိပေးအမှတ်အသားများ ထင်သာမြင်သာရှိအောင် ဆောင်ရွက်ထားရန်၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင် ပန်းခြံအကြား မြေအောက်လမ်းကူး လူသွားဥမင်(Underpass)ကို ရွှေတိဂုံစေတီတော်နှင့် ပြည်သူ့ရင်ပြင်သို့ ပြည်သူများ သွားလာရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန်နှင့် သက်သောင့်သက်သာ ဖြတ်သန်းသွားလာနိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ကြောင်းနှင့် ဥမင်လူသွားလမ်း အကျယ် ၂၃ ပေ၊ အလျား ၄၆၁ ပေ ၉ လက်မ၊ ဝင်ထွက်ပေါက် လေးခု၊ ရွှေ့လျားစက်လှေကားလေးစင်း၊ မသန်စွမ်းသူများ အသုံးပြုရန် ဓာတ်လှေကား ၁၀ ယောက်စီး နှစ်စင်း ပါရှိမည်ဖြစ်ပြီး စီမံကိန်းကာလ ၁၄ လ ခန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်လင်ခရိုင် (ဂျီအီးစီ) အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**လှိုင်လင် ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) လှိုင်လင်ခရိုင်(GEC) အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လှိုင်လင်ခရိုင်ရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

### ရှင်းလင်းပြောကြား

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားပြီး သဘာပတိ ဦးသန်းနိုင်က အသင်း၏လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အမှုဆောင် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှနှင့် စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို ဒေါ်သူဇာခင်တို့က ဖတ်ကြားကြသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်နှင့် စာရင်းစစ်အစီရင်ခံစာတို့နှင့် ပတ်သက်၍ အသင်းသားများထံမှ အတည်ပြုချက်ရယူကြကာ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## မိုးနဲမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ



**မိုးနဲ ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် နမ့်မော်ဆွမ့်ကျေးရွာအုပ်စု အမှတ်(၂) နမ့်မော်ဆွမ့် အခြေခံပညာ အလယ်တန်းကျောင်း၌ ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်နန်းသန်းသန်းစိုးက အားကစား၏ အရေးပါပုံနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူလေးများက လူငယ်နှင့်စာပေ၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် ဖုန်းသုံးစွဲမှု၊ လူငယ်နှင့် အားကစားနှင့် လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့သည်။ ထို့နောက် နမ့်မော်ဆွမ့်အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်မာကျော်က ကျေးဇူးတင်စကား ပြောကြားသည်။ **ဝိုးတောင်း**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ကုသနေသည့် တပ်မတော်သားများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အလှူငွေများ၊ စားသောက်ကုန်၊ လူသုံးကုန်များ ချီးမြှင့်ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၆

နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိ၍ ပြင်ဦးလွင်မြို့ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀)တွင် တက်ရောက်ကုသနေသော တပ်မတော်သားများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အလှူငွေများ၊ စားသောက်ကုန်၊ လူသုံးကုန်များ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအား အလှူငွေများ၊ စားသောက်ကုန်၊ လူသုံးကုန်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ဆေးပဒေသာပင်သို့ အလှူငွေများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆေးပဒေသာပင်သို့ အလှူငွေကျပ်သိန်း ၁၀၀ နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအတွက် ငွေကျပ် ၉၇ သိန်း တန်ဖိုးရှိ အလှူငွေများ၊ စားသောက်ကုန်၊ လူသုံးကုန်များ ပေးအပ်လှူဒါန်းရာ တပ်မှူးကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင် ၇၀၀)တွင် ဆေးဝါးတက်ရောက်ကုသနေသော နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအား အလှူငွေများ၊ စားသောက်ကုန်၊ လူသုံးကုန်များကို ကုသဆောင်များအရောက် သွားရောက်၍ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်







## စစ်ကိုင်းတိုင်း မုံရွာအကျဉ်းထောင်၌ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် နိုင်ငံရေးအကျဉ်းသားများကို အကျဉ်းထောင်တာဝန်ခံအရာရှိများက ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်နေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများကို အကျဉ်းထောင်တာဝန်ခံအရာရှိများက ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်လျက်ရှိကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာဖြစ်သည့် RFA မှ သတင်းတု၊ သတင်းအမှားများ လူမှုကွန်ရက်စာမျက်နှာတွင် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မှန်ကန်မှုမရှိကြောင်း၊ အကျဉ်းထောင်တွင် ပုံမှန်အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေမဲ့လုပ်ဆောင်ခြင်းများ ပြုလုပ်ခြင်းမရှိကြောင်း၊ ဝါဒဖြန့်ရေးသားခြင်းသာဖြစ်ကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် သတင်းတု၊ သတင်းအမှားများကို မြို့ရွာများ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံလိမ်လည်ရေးသား၍ အချိန်ကိုက်ဖြန့်ဝေရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ထောင်မှပြန်လွှတ်ပေးထားသည့် တပ်မတော်သားများအား ကွင်းကောက်မြို့တွင် နှစ်ပတ်သင်တန်း ပြန်တက်နေရကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး မြို့နယ်များရှိ အကျဉ်းထောင်များမှ လွတ်ငြိမ်းခွင့်ရရှိသည့် စစ်သားဟောင်း ၁၅၀ ကို ကွင်းကောက်မြို့ရှိ အမှတ်(၅) တပ်မတော်တန်းမြှင့် လေ့ကျင့်ရေးကျောင်းသို့ ပို့ဆောင်ပြီး ရက်တိုသင်တန်းများ သင်ကြားပေးနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာဖြစ်သည့် Ayeyarwaddy Times မှ သတင်းတု၊ သတင်းအမှားများ လူမှုကွန်ရက်စာမျက်နှာတွင် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကွင်းကောက်မြို့နယ်ရှိ သင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မှန်ကန်မှုမရှိကြောင်းနှင့် ယင်းကဲ့သို့သင်တန်းများ ပို့ချခြင်းမရှိကြောင်း သိရသည်။




တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် တပ်မတော်အပေါ် အများပြည်သူ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ သတင်းတု၊ သတင်းအမှားများကို လုပ်ကြံလိမ်လည်ရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Htet Moe Kyaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်နေ ထက်မိုးကျော် (ခ) ထက်ကြီးအား နံနက် ၉ နာရီတွင် လည်းကောင်း၊ “Ko Zaw Wana (ဦးဇော်)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၅) ရပ်ကွက်နေ ဇော်ဝဏ္ဏအား ညနေ ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Soe Soe Tike Kyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်နေ ခင်စိုးယုအား ည ၇ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ရုရှားနိုင်ငံက ၂၀၂၄ ခုနှစ်တွင် တိုက်ချင်းပစ် ဒုံးကျည် ခုနစ်စင်း ပစ်လွှတ်ရန် စီစဉ်



မော်စကို ဒီဇင်ဘာ ၁၆

ရုရှားနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် တိုက်ချင်းပစ်ဒုံးကျည်ခုနစ်စင်းကို ပစ်လွှတ်ရန် စီစဉ်နေကြောင်း ရုရှားမဟာဗျူဟာဒုံးကျည်တပ်ဖွဲ့၏ တပ်မှူး ဗိုလ်ချုပ်ကြီး ကာရာကာယက်ဗ်က ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားသတင်းစာ Red Star နှင့်အင်တာဗျူးတွင် ကာရာကာယက်ဗ်က ရုရှားမဟာဗျူဟာဒုံးကျည်တပ်ဖွဲ့သည် လွန်ခဲ့သည့်ငါးနှစ်အတွင်း ဒုံးကျည်စနစ်အသစ်များ၏ ပျံသန်းမှုစမ်းသပ်မှုနှင့် ရုရှားစစ်တပ်အတွက် လေ့ကျင့်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရုရှားမဟာဗျူဟာ ဒုံးကျည်တပ်ဖွဲ့က တိုက်ချင်းပစ်ဒုံးကျည်အကြိမ် ၂၀ ကျော် ပစ်လွှတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ရုရှားနှင့် အမေရိကန်တို့က စီစဉ်ထားသည့် တိုက်ချင်းပစ်ဒုံးကျည်များနှင့် ရေငုပ်သင်္ဘောမှ ပစ်လွှတ်သော ပဲ့ထိန်းဒုံးကျည်များ ပစ်လွှတ်မည့် အစီအစဉ်များနှင့်ပတ်သက်၍ သတင်းအချက်အလက် ဖလှယ်မှုများ ဆက်လက်ပြုလုပ်နေကြောင်း ကာရာကာယက်ဗ်က ပြောကြားသည်။

ရုရှားနိုင်ငံသည် တိုက်ချင်းပစ်ဒုံးကျည်များနှင့် ရေငုပ်သင်္ဘောမှ ပစ်လွှတ်သော ပဲ့ထိန်းဒုံးကျည်များ လွှတ်တင်ရန် စီစဉ်ထားသည့် မည်သည့်အစီအစဉ်ကိုမဆို တစ်ရက်ထက်မနည်း ကြိုတင်အသိပေးခဲ့ကြောင်းလည်း ကာရာကာယက်ဗ်က ပြောကြားခဲ့သည်။

ထို့ပြင် ယခင် ဆိုဗီယက်ယူနီယံနှင့် အမေရိကန်ပြည်ထောင်စုတို့ကြား သဘောတူညီချက်အရ ၁၉၈၈ ခုနှစ်မှစတင်ကာ ဒုံးကျည်ပစ်လွှတ်မှု အားလုံးကို အမေရိကန်ပြည်ထောင်စုအား ၂၄ နာရီထက်မနည်း ကြိုတင်အသိပေးထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်



# ဇင်ဘာဘွေနိုင်ငံ၌ မိုးခေါင်ရေရှားမှုဖြစ်ပွားခဲ့သဖြင့် ဆင်များ သေဆုံး

ဟာရီရီ ဒီဇင်ဘာ ၁၆

ဇင်ဘာဘွေနိုင်ငံ၌ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှုဖြစ်ပွားခဲ့ရာ ဇင်ဘာဘွေနိုင်ငံ၏ အကြီးဆုံး Hwange အမျိုးသားဥယျာဉ်တွင် ဆင်ကောင်ရေ ၁၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ တိရစ္ဆာန်စောင့်ရှောက်ရေးနှင့် ထိန်းသိမ်းရေးအဖွဲ့က ပြောကြားခဲ့သည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဇင်ဘာဘွေနိုင်ငံ၏ အကြီးဆုံးဘေးမဲ့ရေိယာဖြစ်သည့် Hwange National Park တွင် ဆင်များ အစာရေစာပြတ်လပ်ကာ သေဆုံးနေပြီဟု ၎င်းအဖွဲ့က ထပ်လောင်းပြောကြားသည်။ ပန်းခြံရှိ နေရောင်ခြည်စွမ်းအင်သုံး ရေတွင်း ၁၀၄ တွင်းသည် လက်ရှိတွင် ရေများခန်းခြောက်သွားသည့်အပြင် တောရိုင်းတိရစ္ဆာန်များအတွက် အစားအစာနှင့်ရေရှာဖွေရန် ခက်ခဲလာကြောင်း သိရသည်။

၎င်းဥယျာဉ်ရှိ တောရိုင်းတိရစ္ဆာန်မျိုးစိတ်များအတွက် မိုးရွာသွန်းမှုမရှိပါက မကြာမီအကျပ်အတည်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ဇင်ဘာဘွေတွင် ဆင်များသေဆုံးမှုသည် ဒေသ၏ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးကို ထိခိုက်စေသည့် လက္ခဏာအဖြစ် ရှုမြင်ရမည်ဖြစ်ကြောင်း နိုင်ငံတကာတိရစ္ဆာန်ရန်ပုံငွေအဖွဲ့က ပြောကြားခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# သီရိလင်္ကာနိုင်ငံက ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ဖွယ်ရှိ

ကိုလံဘို ဒီဇင်ဘာ ၁၆

သီရိလင်္ကာနိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ဖွယ်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဝန်ကြီး ဒီလမ်အာမန်နူဂါမာ၏ ပြောကြားချက်ကို ကိုးကား၍ နိုင်ငံပိုင်မီဒီယာက ယနေ့ သတင်းဖော်ပြသည်။

လက်ရှိအချိန်အထိ သီရိလင်္ကာနိုင်ငံသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကျော် ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ နောက်ထပ် စီမံကိန်း လေးခုကို လာမည့်ရက်များတွင် သဘောတူညီ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဝန်ကြီး ဒီလမ်အာမန်နူဂါမာက ပြောသည်။

ယင်းသို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြင့်လာခြင်းမှာ စီးပွားရေးတည်ငြိမ်မှုနှင့် အစိုးရ၏ အလေးပေးဆောင်ရွက်မှုများကြောင့် ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဝန်ကြီး ဒီလမ်အာမန်နူဂါမာက ပြောသည်။

နိုင်ငံအတွင်း၌ စီးပွားရေးအကျပ်အတည်း ဖြစ်လျက်ရှိသော်လည်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုပမာဏကို ၂၀၂၂ ခုနှစ်ထက် ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ ၂၀၂၂ ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့်ရှိခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်



# အမေရိကန်ပြည်ထောင်စု၌ အိုးမဲ့အိမ်မဲ့ နေထိုင်သူဦးရေ ၁၂ ရာခိုင်နှုန်းအထိ စံချိန်တင် မြင့်တက်

ဝါရှင်တန် ဒီဇင်ဘာ ၁၆

အမေရိကန်ပြည်ထောင်စု၌ အိုးမဲ့အိမ်မဲ့ နေထိုင်သူဦးရေသည် ၁၂ ရာခိုင်နှုန်းအထိ စံချိန်တင် မြင့်တက်လာကြောင်း အစိုးရအဖွဲ့၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ အိုးအိမ်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကောက်ယူထားသော စာရင်းအရ ဇန်နဝါရီလတွင် နိုင်ငံတစ်ဝန်း၌ ပြည်သူ ၆၅၃၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

အဆိုပါအရေအတွက်သည် ၂၀၂၂ ခုနှစ် အလားတူကာလကထက် ၇၀၆၅၀ ခန့် ပိုမိုမြင့်တက်လာကြောင်း သိရသည်။

နိုင်ငံအတွင်း အိုးမဲ့အိမ်မဲ့နေထိုင်သူဦးရေကို ၂၀၀၇ ခုနှစ်တွင် စတင်စစ်တမ်းကောက်ယူခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း အိုးမဲ့အိမ်မဲ့ နေထိုင်သူဦးရေသည် အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

အာဖရိကန်နွယ်ဖွား အမေရိကန်လူမျိုးများသည် အမေရိကန်လူဦးရေ၏ ၁၃ ရာခိုင်နှုန်းရှိသော်လည်း အိုးမဲ့အိမ်မဲ့ စုစုပေါင်း၏ ၃၇ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အိုးမဲ့အိမ်မဲ့ နေထိုင်သူအရေအတွက် မြင့်တက်လာမှုစစ်တမ်းတွင် ကျူးဘား၊ မက္ကဆီကန်၊ ပွာတိုရီကန်၊ တောင်အမေရိက သို့မဟုတ် ဗဟိုအမေရိကလူမျိုးများသည် ၂၈ ရာခိုင်နှုန်းဖြင့် ၂၀၂၂ ခုနှစ်တွင်သာမက ၂၀၂၃ ခုနှစ်တွင်ပါ ထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်။

အိမ်ထောင်စုအလိုက် အိုးမဲ့အိမ်မဲ့ဖြစ်မှုအရေအတွက်သည်လည်း ၁၆ ရာခိုင်နှုန်း မြင့်တက်လာသည်။

အိမ်ငှားခများ မြင့်တက်လာခြင်းနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကူအညီပေးမှုများ လျော့ကျလာခြင်းတို့သည် အမေရိကန်ပြည်ထောင်စုတွင် အိုးမဲ့အိမ်မဲ့ အကျပ်အတည်း၏ အဓိကအကြောင်းအရင်းများဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

# အီတလီနိုင်ငံ၌ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၁ ဘီလီယံရှိ

ရောမ ဒီဇင်ဘာ ၁၆

အီတလီနိုင်ငံသည် ယခုနှစ် ပထမ ၁၀ လအတွင်း ကုန်သွယ်မှုပိုငွေ ယူရို ၂၄ ဒသမ ၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၁ ဘီလီယံ) စံချိန်တင်ရရှိခဲ့ကြောင်း အီတလီနိုင်ငံအမျိုးသားစာရင်းအင်းဌာနက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ယခုနှစ် ပထမ ၁၀ လတာကာလအတွင်း ပို့ကုန်တင်ပို့မှုသည် တစ်နှစ်ထက်တစ်နှစ် ၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တရုတ်နိုင်ငံသို့ တင်ပို့မှုမှာမူ ၂၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ သို့ရာတွင် သွင်းကုန်တန်ဖိုးမှာ ၉ ဒသမ ၉ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း သိရသည်။

အီတလီနိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် အောက်တိုဘာလတွင် ၃ ဒသမ ၈ ရာခိုင်နှုန်း တိုးလာပြီး သွင်းကုန်တန်ဖိုးမှာမူ ၂ ဒသမ ၈ ရာခိုင်နှုန်း တက်လာကြောင်း သိရသည်။ ထို့ပြင် အောက်တိုဘာလ တစ်လတည်းတွင် ကုန်သွယ်မှုပိုငွေ ယူရို ၄ ဒသမ ၇ ဘီလီယံနီးပါး (အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၂ ဘီလီယံ) ရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်

**(ယမန်နေ့မှအဆက်)**

( ခ ) နည်းဥပဒေခွဲ (ဇ) ၌ ပါရှိသော "သက်ဆိုင်ရာမြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

( ဂ ) နည်းဥပဒေခွဲ (ဍ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဎ) နှင့် (ဏ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဎ) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဥပဒေပါပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်ငွေကြေး၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ စိစစ်ဖော်ထုတ်ရန်လိုအပ်ပါက ဗဟိုအဖွဲ့နှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ တင်ပြရမည်၊

(ဏ) နည်းဥပဒေခွဲ (ဎ) အရ စိစစ်ဖော်ထုတ်သိမ်းဆည်းရမိသော ငွေကြေး၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများသည် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်ခြင်းမရှိပါက ဥပဒေပုဒ်မ ၂၄ နှင့်အညီ ဆောင်ရွက်နိုင်ရန် တရားစွဲအဖွဲ့အစည်းက သက်ဆိုင်ရာတရားရုံးသို့ တင်ပြရမည်။

၂၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၃၀။ ပြစ်မှုတစ်ခုခုအတွက် ရှာဖွေအမိန့် ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ရဲလက်စွဲပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ သို့ရာတွင် လုံခြုံရေးအရ စိုးရိမ်ဖွယ်ရာ အခြေအနေရှိပါက ရှာဖွေရေးအရာရှိသည် သက်သေခံပစ္စည်းများကို ချိန်တွယ်ချိပ်ပိတ် ထုပ်ပိုးခြင်းနှင့်စပ်လျဉ်း၍ လုံခြုံစိတ်ချရသည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရသည့်အခြေအနေကို ရှာဖွေရေးအရာရှိက ရှာဖွေပုံစံတွင် ကျိုးကြောင်းဖော်ပြရမည့်အပြင် အထက်ဌာနသို့ ပြန်လည်အစီရင်ခံတင်ပြရမည်။"

၂၃။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၃ တွင်–

(က) နည်းဥပဒေခွဲ (ခ) ကို အောက်ပါအတိုင်းအစားထိုးရမည်–

"(ခ) ပြစ်မှုကျူးလွန်သူများအား ထိန်းချုပ်သယ်ဆောင်ခြင်းနည်းလမ်းဖြင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊"

( ခ ) နည်းဥပဒေခွဲ (ဂ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဃ) လျှို့ဝှက်အမာခံသတင်းပေးသူကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးခြင်း။"

၂၄။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၃၅။ ရှာဖွေရေးအရာရှိများသည် ပြစ်မှုကိုနောက်ကွယ်မှ အဓိကကျူးလွန်သူများ၊ ပြည်တွင်းပြည်ပဂိုဏ်းနှင့် အုပ်စုဝင်များကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ပြစ်မှုကျူးလွန်သူများအား ထိန်းချုပ်သယ်ဆောင်ခြင်းနည်းလမ်းဖြင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊ လျှို့ဝှက်အမာခံသတင်းပေးအားအသုံးပြု၍ ဖော်ထုတ်ဖမ်းဆီးခြင်း၊ လျှို့ဝှက်အမာခံသတင်းပေးသူကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အစီအစဉ်များချမှတ်၍ ဆောင်ရွက်ရမည်။"

၂၅။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၅ ၏ နောက်တွင် နည်းဥပဒေ ၃၅–က နှင့် ၃၅–ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၃၅–က။ (က) ရှာဖွေရေးအရာရှိ သို့မဟုတ် အမှုစစ်အရာရှိသည် ပြစ်မှုနှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်မှတ်တမ်းများ၊ တယ်လီဖုန်းဆက်သွယ်မှုမှတ်တမ်းများ တောင်းခံရန် သတ်မှတ်ထားသည့်အတိုင်း ဗဟိုအဖွဲ့သို့ တင်ပြရမည်။

( ခ ) ဗဟိုအဖွဲ့သည် တောင်းခံချက်အပေါ်စိစစ်၍ ပြစ်မှုနှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်မှတ်တမ်းများ၊ ဆက်သွယ်မှုမှတ်တမ်းများကိုထုတ်ပေးရန် သက်ဆိုင်ရာဆက်သွယ်ရေးလုပ်ငန်းသို့ အမိန့်ထုတ်ဆင့်နိုင်သည်။ အမိန့်စာမိတ္တူကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ သိသာရန်ပေးပို့ရမည်။

( ဂ ) ဗဟိုအဖွဲ့၏ အမိန့်ရရှိသည့်အခါ သက်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူသည် ပြစ်မှုနှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်မှတ်တမ်းများ၊ ဆက်သွယ်မှုမှတ်တမ်းများကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ကြည့်ရှုစစ်ဆေးခွင့်နှင့် မိတ္တူကူးယူခွင့်ပြုရမည်။

၃၅–ခ။ (က) ပြစ်မှုကို အဓိကကျူးလွန်သူကိုဖြစ်စေ၊ ပြည်တွင်းပြည်ပရှိအဖွဲ့နှင့် အုပ်စုဝင်များကိုဖြစ်စေ၊ ကွင်းဆက်ကျူးလွန်သူကိုဖြစ်စေ ဖော်ထုတ်ဖမ်းဆီးရေးအတွက် ထိန်းချုပ်သယ်ဆောင်ခြင်းနည်းလမ်းကို အသုံးပြုရန် လိုအပ်ပါက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး သို့မဟုတ် နေပြည်တော်ရဲတပ်ဖွဲ့မှူး သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့တင်ပြ၍ ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

( ခ ) ဗဟိုအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ ထိန်းချုပ်သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူအား လိုအပ်ပါက ပြစ်မှုတွင် အစိုးရသက်သေအဖြစ် ထည့်သွင်းနိုင်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရန် စိစစ်ခွင့်ပြုနိုင်သည်။"

၂၆။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၆ နည်းဥပဒေခွဲ (က) နှင့် နည်းဥပဒေခွဲ (ခ) တို့၏ ခေါင်းစဉ်တွင်ပါရှိသော "အတွင်းရေးမှူး" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၇။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၉ နည်းဥပဒေခွဲ (ခ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဂ) ဓာတုဗေဒစစ်ဆေးရေးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီး ပြန်လည်ပေးပို့သော ချိပ်ပိတ်ထားသည့် သက်သေခံပစ္စည်းများကို အကြောင်းကိစ္စတစ်ခုခုကြောင့် ဖွင့်ဖောက်စစ်ဆေးရန်လိုအပ်ပါက သက်ဆိုင်ရာရဲစခန်းမှူးသည် ဓာတုဗေဒစစ်ဆေးရေးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဖွင့်ဖောက်စစ်ဆေး၍ တွေ့ရှိသည့် အခြေအနေကို မှတ်တမ်းတင်ပြီး ဖွင့်ဖောက်စစ်ဆေးရာတွင် ပါဝင်သူများက လက်မှတ်ရေးထိုးရမည်။"

၂၈။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၄၀။ ဆေးဝါးသုံးစွဲခြင်း ရှိ မရှိ ပဏာမစစ်ဆေးခြင်းနှင့် ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်နှင့်အညီ စစ်ဆေးရမည်။"

၂၉။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၁ နည်းဥပဒေခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၃၀။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၂ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(က) ဓာတ်ခွဲစမ်းသပ်ရန်ပေးပို့သူသည် ဆေးဝါး၊ ဓာတုပစ္စည်းနှင့် အမှာစာပါစာအိတ်တို့ကို ညွှန်ကြားချက်နှင့်အညီ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရေးဌာနမှ တာဝန်ရှိသူထံသို့ စနစ်တကျလုံခြုံစွာ ပို့ဆောင်ပေးအပ်ရမည်၊"

၃၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၈ နည်းဥပဒေခွဲ (စ) ကို ပယ်ဖျက်ရမည်။

၃၂။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၅၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၅၇။ အမှုစစ်အရာရှိသည်–

(က) ဥပဒေပုဒ်မ ၁၆ မှ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်သူသည် ယခင်က ၎င်းပုဒ်မများအနက် ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ပြစ်ချက်ဟောင်းရှိသည့်အတွက် အများဆုံးပြစ်ဒဏ်ချမှတ်နိုင်ရန်အလို့ငှာ ဥပဒေပုဒ်မ ၂၃ ကို ပူးတွဲ၍ တရားစွဲဆိုရမည်။

( ခ ) ဥပဒေပုဒ်မ ၁၆ မှ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုအတွက် ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရသော်လည်း ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့လျှင်သော်လည်းကောင်း၊ အယူခံ သို့မဟုတ် ပြင်ဆင်မှုတွင် တရားသေလွတ်လျှင်သော်လည်းကောင်း ဥပဒေပုဒ်မ ၂၃ ဖြင့် ပူးတွဲ၍ တရားစွဲဆိုခြင်းမပြုရ။

**ရှင်းလင်းချက်**။ ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသည့် ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းမဟုတ်ဘဲ ပြစ်ဒဏ်တချို့တစ်ဝက်ကိုကျခံပြီး ကျန်ရှိသည့် ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပေးခြင်းနှင့်သက်ဆိုင်ခြင်း မရှိစေရ။

( ဂ ) တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ပြစ်ချက်ဟောင်းရှိကြောင်းစုံစမ်း၍ မရရှိသဖြင့် ဥပဒေပုဒ်မ ၂၃ ဖြင့် ပူးတွဲ၍ စွဲဆိုခြင်းမပြုနိုင်စေကာမူ တရားစွဲတင်ပို့ပြီးနောက် စီရင်ချက်မချမီ ပြစ်ချက်ဟောင်းရှိကြောင်း စုံစမ်း၍ ရရှိလျှင် ဥပဒေပုဒ်မ ၂၃ ဖြင့် ထပ်မံ၍ စွဲချက်တင်နိုင်ရန်တရားရုံးသို့ တင်ပြရမည်။

(ဃ) ဥပဒေပုဒ်မ ၂၃ ဖြင့် ပူးတွဲ၍စွဲဆိုလျှင်–

(၁) ယခင်က ပြစ်မှုထင်ရှားစီရင်ခဲ့သော ပြစ်မှု၏မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသော စီရင်ချက်မိတ္တူမှန်ဖြစ်စေ၊ ထောင်ကျဝရမ်းစာမိတ္တူဖြစ်စေ၊ ပြစ်ဒဏ်ကို အတည်ပြုခဲ့သည့် အကျဉ်းထောင်တာဝန်ခံ၏ သက်သေခံလက်မှတ် (ရဲပုံစံ–၃၁) ဖြစ်စေ ပူးတွဲပါရှိရမည်။

(၂) ရဲစွဲချက်လွှာပုံစံတွင် သိသာထင်ရှားစေရန် ပြစ်မှုကျူးလွန်သူ၏ အမည်နှင့်ယှဉ်တွဲလျက် ယခင်ကပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးကြောင်း မင်နီဖြင့်ရေးသားဖော်ပြရမည်။"

၃၃။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၅၈ နည်းဥပဒေခွဲ (ဂ) တွင်ပါရှိသော "အလားတူ" ဆိုသည့် စကားရပ်များကို "ဥပဒေပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိ ပြဋ္ဌာန်းထားသော" ဆိုသည့်စကားရပ်ဖြင့်အသီးသီးအစားထိုးရမည်။

၃၄။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၆၀ နည်းဥပဒေခွဲ (ခ) ပါ "အသက် ၁၆ နှစ်အောက်ရှိသူကလေးသူငယ်" ဆိုသည့် စကားရပ်ကို "အသက် ၁၈ နှစ်အောက်ရှိသူကလေးသူငယ်" ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၃၅။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၆၁ နည်းဥပဒေခွဲ (င) ပါ "အသက် ၁၆ နှစ်အောက်ရှိကလေးသူငယ်" ဆိုသည့်စကားရပ်ကို "အသက် ၁၈ နှစ်အောက်ရှိကလေးသူငယ်" ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၃၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ အခန်း (၁၂) ၏ နောက်တွင် အခန်း(၁၂–က)၊ အခန်းခေါင်းစဉ်၊ နည်းဥပဒေ ၆၂–က၊ ၆၂–ခ နှင့် ၆၂–ဂ တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်–

**"အခန်း(၁၂–က)**

**ရန်ပုံငွေထူထောင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း**

၆၂–က။ ဗဟိုအဖွဲ့သည် ဥပဒေပုဒ်မ ၂၅–က ပုဒ်မခွဲ (က) ပါ ရငွေများဖြင့် ထူထောင်ထားသည့် ရန်ပုံငွေကို ထိန်းသိမ်းရန်နှင့် ဥပဒေပုဒ်မ ၂၅–က ပုဒ်မခွဲ (ခ) အရရရှိသည့် လှူဒါန်းပစ္စည်းများကို စီမံခန့်ခွဲရန် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

**စာမျက်နှာ ၁၅ သို့** ☆

# လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်

**(ယမန်နေ့မှ အဆက်)**

**အခန်း(၈)**

**အထွေထွေ**

၃၂။ လောင်းကစားဖမ်းဆီးသူသည် –

(က) လောင်းကစားကိရိယာများ၊ ငွေကြေးနှင့် ပစ္စည်းများ တွေ့ရှိသိမ်းဆည်းခြင်း၊ လောင်းကစားခြင်း၌ ပါဝင်သူများအား ဖမ်းဆီးခြင်းများကို အီလက်ထရောနစ် နည်းပညာတစ်မျိုးမျိုးဖြင့် မှတ်တမ်းတင်နိုင်သည်။

(ခ) အပိုဒ်ခွဲ(က)ပါ မှတ်တမ်းကို ယင်းအမှုအား တရားစွဲဆိုသည့်အခါ တရားရုံး၌ သက်သေခံချက်အဖြစ် တင်ပြရမည်။

၃၃။ ဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုခြင်းခံရသူကို ဥပဒေပုဒ်မ ၂၄ အရ တရားလိုပြသက်သေအဖြစ် အစစ်ခံချက်ပေးစေရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) ပူးတွဲတရားစွဲဆိုခြင်းခံရသူများအား ပြစ်မှုထင်ရှားစီရင်နိုင်စေရန်အလို့ငှာ ကိုယ်တိုင်ပါဝင်ကျူးလွန်ပြီး ပူးတွဲတရားစွဲဆိုခြင်းခံရသူများ ကျူးလွန်ကြောင်းကိုလည်း ပြည့်စုံခိုင်လုံစွာ ထွက်ဆိုချက်ပေးနိုင်စေရန် ရဲတပ်ဖွဲ့က သက်ဆိုင်ရာ ဥပဒေရုံးမှတစ်ဆင့် တရားရုံးသို့ စာဖြင့်တင်ပြရမည်။

(ခ) လောင်းကစားခြင်း၌ လောင်းကြေးလက်ခံသူ၊ လောင်းကစားဒိုင်၊ စီမံခန့်ခွဲသူ၊ လောင်းကစားအိမ်ရှင် သို့မဟုတ် လောင်းကစားဒိုင်ပြုသူကို တရားလိုပြသက်သေအဖြစ် တင်ပြခြင်းမပြုရ။

(ဂ) အပိုဒ်ခွဲ(က)အရ တင်ပြခြင်းအား အမှုကိုတရားစွဲတင်ပြီးနောက် တရားလိုပြသက်သေများ စစ်ဆေးခြင်းမပြုမီ သော်လည်းကောင်း၊ စစ်ဆေးနေဆဲ၌သော်လည်းကောင်း တင်ပြနိုင်သည်။

၃၄။ ဥပဒေပုဒ်မ ၂၅ အရ တရားရုံးက သတင်းပေးသူအားလည်းကောင်း၊ ဖမ်းဆီးရာတွင် ပါဝင်သူတို့အားလည်းကောင်း ချီးမြှင့်သည့်ဆုငွေကို စနစ်တကျပေးအပ်နိုင်ရန် သတင်းရရှိချိန်မှစ၍ ဖမ်းဆီးရာတွင် ပါဝင်သူတို့၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အဆင့်၊ တာဝန်ထမ်းဆောင်သည့် နေရာဒေသ စသည်တို့ကို ဦးဆောင်ဖမ်းဆီးသည့်ပုဂ္ဂိုလ်က မှတ်တမ်းထားရှိရမည်။

၃၅။ သတင်းပေးသူအား ဆုချီးမြှင့်ရာတွင် ၎င်း၏အမည်ကို လျှို့ဝှက်ထားရှိရမည်။ သတင်းပေးသူအား ဆုချီးမြှင့်နိုင်ရေးအတွက် သတင်းပေးအမည်အား သက်ဆိုင်ရာ တရားသူကြီးထံ လျှို့ဝှက်၍ စာဖြင့်တင်ပြရမည်။

၃၆။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ရဲစခန်းနယ်မြေအတွင်း လောင်းကစားမှုဖြင့်လည်းကောင်း၊ လောင်းကစားမှုဖြစ်မြောက်စေရန် အားပေးခြင်း သို့မဟုတ် ကူညီခြင်းဖြင့်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပြုနေကြောင်း ကျော်စောသတင်းရှိသူအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၉၊ ၁၁၀ အရ အရေးယူရမည်။

၃၇။ လောင်းကစားဥပဒေအရ အရေးယူခြင်းနှင့်စပ်လျဉ်း၍ ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားခြင်းမရှိလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်သည်။

၃၈။ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ ၁၉၈၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၈၇)အရ ထုတ်ပြန်ထားသည့် လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဤလုပ်ထုံးလုပ်နည်းများဖြင့် ပယ်ဖျက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

**(ပုံစံ–က)**

**လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ဝရမ်း**

**ဝရမ်းအမှတ် (       /       )**

[ လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၂ ]

(အမည်) ------------------------------------------------------------------------------------------------
-----------------------------

ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့

ကျေးရွာအုပ်စု/ရပ်ကွက်/ ရဲစခန်း ----------------------------------------------------------------

မြို့နယ်/ ပြည်နယ်/ တိုင်း -------------------------------------------------------------------------

၁။ --------------------------------------------- မြို့နယ်၊ -------------------------------------------

ရပ်ကွက်/ ကျေးရွာအုပ်စု --------------------------- အမှတ် ---------------------- ရှိ ------------

----------------------------------- ၏ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ဝရမ်းကို ------------------------------------------------ အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်သော လောင်းကစားဖမ်းဆီးရေးအဖွဲ့၊ ----------------------------------ရဲစခန်းမှ ---------------------- -------------------------၊ ---------- ခုနှစ်၊ ------------------------------- လ၊ ---------- ရက် (-----------) အချိန်တွင် ထုတ်ပေးလိုက်သည်။

၂။ ဤဝရမ်း၏သက်တမ်းသည် --------- ခုနှစ်၊ ----------------------- လ၊ ------ ရက် (---------) အချိန်အထိ ဖြစ်သည်။

၃။ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရာတွင် ဖော်ပြပါ ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း လုပ်ပိုင်ခွင့်များရှိသည်။

၄။ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရမိသူများနှင့် သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများကို အမည်စာရင်း၊ ဝရမ်းတို့နှင့်အတူ သက်ဆိုင်ရာ ရဲစခန်းသို့ ချက်ချင်းအပ်နှံရမည့်အပြင် ဝရမ်းထုတ်ပေးသူထံသို့လည်း အစီရင်ခံရမည်။

၅။ ဝရမ်းအတည်မဖြစ်လျှင် အတည်မဖြစ်ကြောင်း အစီရင်ခံစာနှင့်ဝရမ်းကို ဝရမ်းထုတ်ပေးသူထံ တင်ပြရမည်။

| | | |
|---|---|---|
| ရုံးတံဆိပ် | လက်မှတ် | ---------------------------------------- |
| | အမည် | ---------------------------------------- |
| | ရာထူး/တာဝန် | ---------------------------------------- |
| | | ---------------------------------------- |

ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်

**[ပုံစံ–က(၁)]**

**ကာစီနိုအတွင်း လောင်းကစားသူ မြန်မာနိုင်ငံသားအား ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ဝရမ်း**

**ဝရမ်းအမှတ် (       /       )**

[ လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၇ ]

(အမည်) ------------------------------------------------------------------------------------------------
-----------------------------

ရဲအရာရှိ

ရဲစခန်း / မြို့နယ် -----------------------------------------------------------------------------------
----------------------------

ခရိုင်/ ပြည်နယ်/ တိုင်း ------------------------------------------------------------------------------
-------------------------

၁။ ------------------------------------ မြို့နယ်၊ ------------------------------------ ရပ်ကွက်/ ကျေးရွာအုပ်စု ------------------------ အမှတ် ---------------- ရှိ ---------------------------- -------- ၏ ကာစီနိုအတွင်း လောင်းကစားသူ မြန်မာနိုင်ငံသားအား ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့် ဝရမ်းကို ---------------------------------------------------- အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်သော ဖမ်းဆီးရေးအဖွဲ့၊ -------------------- ရဲစခန်းမှ ------------------------------------------၊ ---------- ခုနှစ်၊ ------------------------ လ၊ ------- ရက် (-----------) အချိန်တွင် ထုတ်ပေးလိုက်သည်။

၂။ ဤဝရမ်း၏သက်တမ်းသည် ---------- ခုနှစ်၊ ------------------------ လ၊ ------ ရက် (------------) အချိန်အထိဖြစ်သည်။

၃။ ကာစီနိုအတွင်း လောင်းကစားသူ မြန်မာနိုင်ငံသားကို ဝင်ရောက်ရှာဖွေဖမ်းဆီးရာတွင် ဖော်ပြပါ ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိသည် လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း လုပ်ပိုင်ခွင့်များရှိသည်။

၄။ ကာစီနိုအတွင်း ဝင်ရောက်လောင်းကစားသည့် ရှာဖွေဖမ်းဆီးရမိသူမြန်မာနိုင်ငံသားများနှင့် သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများကို အမည်စာရင်း၊ ဝရမ်းတို့နှင့်အတူ သက်ဆိုင်ရာ ရဲစခန်းသို့ ချက်ချင်းအပ်နှံရမည့်အပြင် ဝရမ်းထုတ်ပေးသူထံသို့လည်း အစီရင်ခံရမည်။

၅။ ဝရမ်းအတည်မဖြစ်လျှင် အတည်မဖြစ်ကြောင်း အစီရင်ခံစာနှင့်ဝရမ်းကို ဝရမ်းထုတ်ပေးသူထံ တင်ပြရမည်။

| | | |
|---|---|---|
| ရုံးတံဆိပ် | လက်မှတ် | ---------------------------------------- |
| | အမည် | ---------------------------------------- |
| | ရာထူး/တာဝန် | ---------------------------------------- |
| | | ---------------------------------------- |

ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်

**(ပုံစံ–ခ)**

**ပစ္စည်းရှာစာရင်း(ရှာဖွေပုံစံ)**

**ရှာဖွေရာတွင် ဖမ်းဆီးရမိသောပစ္စည်းစာရင်း**

[ လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၅(က)(၁)၊ ၁၁(က)(၁)၊ ၂၀(က)(၁)၊ ၂၅၊ ၂၈(က)(၅) နှင့် (၆) ]

| ရှာဖွေသော နေ့ရက် | ရဲစခန်း | ပထမသတင်းပေး တိုင်ချက် အမှတ်နှင့်ပုဒ်မ | ရှာဖွေသော နေရာ | လိပ်စာ | နေသောသူ အမည် | ရှာသောသက်သေ များ၏ အမည်များ၊ အလုပ်အကိုင်နေရပ်များ | ရှာသောသက်သေများ၏ လက်မှတ်များ | ရှာသောအရာရှိ၏ လက်မှတ်နှင့်အဆင့် | ရဲစခန်းစာရင်းစာအုပ် အမှတ် ၃၂ တွင် ရေးသွင်းချက် နေ့စွဲ |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| | | | | | | | | | |

စာမျက်နှာ ၁၇ သို့

☆ စာမျက်နှာ ၁၆ မှ

ဖမ်းဆီးရမိသော ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်စာရင်း

| အမှတ်စဉ်<br>(၁) | အမျိုးအမည်နှင့် အရေအတွက်<br>(၂) | တွေ့သောနေရာမှန် အကြောင်းမျိုးစုံ<br>(၃) | ပထမတွေ့သောသူ<br>(၄) | အချက်တိုင်းတွင် သက်သေများ၏ လက်မှတ်တို<br>(၅) |
|---|---|---|---|---|
| | | | | |

(ပုံစံ-ခ)

ဖမ်းဆီးရမိသော ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်စာရင်း

| အမှတ်စဉ်<br>(၁) | အမျိုးအမည်နှင့် အရေအတွက်<br>(၂) | တွေ့သောနေရာမှန် အကြောင်းမျိုးစုံ<br>(၃) | ပထမတွေ့သောသူ<br>(၄) | အချက်တိုင်းတွင် သက်သေများ၏ လက်မှတ်တို<br>(၅) |
|---|---|---|---|---|
| | | | | |

(ပုံစံ – ဂ)

## လောင်းကစားဝရမ်း အတည်ဖြစ်ကြောင်း အစီရင်ခံစာ

[လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၄(က)(၁)၊ ၁၅၊ ၂၀(က)(၂)၊ ၃၀(က)(၁)၊ ၃၁]

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

၁။ -------------------------- ရက်စွဲပါ လောင်းကစားဝရမ်းအမှတ် ( / ) ဖြင့် တာဝန်ပေးအပ်ချက်အရ အောက်ဖော်ပြပါ လောင်းကစားအိမ် သို့မဟုတ် ကာစီနိုအတွင်း သက်သေများနှင့်အတူ ---------------------------------------- (နေ့ရက်/ အချိန်)များတွင် ဝင်ရောက်ဖမ်းဆီးခဲ့ပါသည်-

(က) လောင်းကစားအိမ် သို့မဟုတ် ကာစီနို တည်ရာနေရပ်လိပ်စာ -------------------------- ------------------------------------------------------------------------------------ --------------------------------

(ခ) လောင်းကစားအိမ်ရှင် သို့မဟုတ် ကာစီနို တာဝန်ခံအမည် ----------------------------- ------------------------------------------------------------------------------------ ----------------------------------

၂။ လောင်းကစားအိမ် သို့မဟုတ် ကာစီနိုတွင် အောက်ပါပုဂ္ဂိုလ်များသည် ----------------------- ------------------------------------------------------ လောင်းကစားနေကြောင်း တွေ့ရှိရသဖြင့် ဖမ်းဆီးခဲ့ပါသည်-

| အမှတ်စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | အလုပ်အကိုင်/ နေရပ်လိပ်စာ |
|---|---|---|---|---|
| (က) | | | | |
| (ခ) | | | | |
| (ဂ) | | | | |

၃။ လောင်းကစားအိမ် သို့မဟုတ် ကာစီနိုမှ အောက်ပါလောင်းကစားကိရိယာ၊ ငွေကြေးနှင့် ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပါသည်-

(က)

(ခ)

(ဂ)

(ဃ)

၄။ ဖမ်းဆီးရမိသူများနှင့် သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများကို အမည်စာရင်း၊ ရှာဖွေပုံစံ၊ ဝရမ်းတို့နှင့်အတူ ------------------------ နေ့ ---------- အချိန်တွင် -------------------------- ရဲစခန်းသို့ ပို့အပ်ပြီး ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

လက်မှတ် ------------------------------------------

အမည် ------------------------------------------

ရာထူး/တာဝန် ------------------------------------------

------------------------------------------

ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်

**မှတ်ချက်။** လောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ ဝင်ရောက်ရှာဖွေဖမ်းဆီးပြီးနောက် အစီရင်ခံစာကို ဝရမ်းထုတ်ပေးသူထံ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း တင်ပြရမည်။

[ပုံစံ-ဂ(၁)]

## လောင်းကစားဝရမ်း အတည်မဖြစ်ကြောင်း အစီရင်ခံစာ

[လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၄(က)(၂)၊ ၂၁၊ ၃၀(က)(၂)]

သို့

--------------------------------------------

--------------------------------------------

--------------------------------------------

၁။ ----------------------- ရက်စွဲပါ လောင်းကစားဝရမ်းအမှတ် ( / ) အရ အောက်ပါ လောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ သက်သေများနှင့် ------------------------- (နေ့ရက်/ အချိန်) တို့တွင် ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ပါသည်-

(က) လောင်းကစားအိမ် သို့မဟုတ် ကာစီနိုတည်ရာ နေရပ်လိပ်စာ ------------------------- ------------------------------------------------------------------------------------ --------------------------------

(ခ) လောင်းကစားအိမ်ရှင် သို့မဟုတ် ကာစီနို တာဝန်ခံအမည် ---------------------------- ------------------------------------------------------------------------------------ ----------------------------------

၂။ ထုတ်ပေးထားသော လောင်းကစားဝရမ်း သက်တမ်းအတွင်း ဖော်ပြပါလောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ အောက်ပါအကြောင်းများအရ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်ခဲ့ခြင်း မရှိပါ-

(က)

(ခ)

(ဂ)

၃။ လောင်းကစားခြင်းကို ဖမ်းဆီးရမိခြင်းမရှိ၍ ဝရမ်းအတည်မဖြစ်ပါသဖြင့် ထုတ်ပေးထားသော လောင်းကစားဝရမ်းကို ပြန်လည်အပ်နှံပါသည်။

လက်မှတ် ------------------------------------------

အမည် ------------------------------------------

ရာထူး/တာဝန် ------------------------------------------

------------------------------------------

ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်

**မှတ်ချက်။** (၁) လောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ ဝင်ရောက်ရှာဖွေဖမ်းဆီးသော်လည်း လောင်းကစားခြင်းကို ဖမ်းဆီးရမိခြင်းမရှိလျှင် အပိုဒ် ၃ အရ အစီရင်ခံရမည်။

(၂) လောင်းကစားဝရမ်းသက်တမ်းအတွင်း လောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်ခြင်းမရှိလျှင် အပိုဒ် ၃ အရ အစီရင်ခံရမည်။

(ဆက်လက်ဖော်ပြပါမည်)

# မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး



**နေပြည်တော် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဟာအောင်မြေမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ယနေ့နံနက်ပိုင်းတွင် သတ်မှတ်နေရာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော် ၂၆၉ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၁၈၆ ပါးအပါအဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၆၉၈ ဦးတို့ကို အဆစ်အမြစ်ရောင်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသခြင်းများဆောင်ရွက်ပေးခြင်း၊ EGC စက်ဖြင့် နှလုံးသွေးကြောရောဂါ စမ်းသပ်ပေးခြင်း၊ တီဗွီခါတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေခြင်း၊ ဆီးချို/သွေးချို စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များနှင့်အညီ ထုတ်လုပ်ခြင်းဖြင့် ထုတ်ကုန်အရည်အသွေးမြင့်မားရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ(၁)၌ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက မြန်မာ့ရေသယံဇာတများ မျိုးသုဉ်းပျောက်ကွယ်ခြင်းမှ ကာကွယ်နိုင်ရန် ဖမ်းဆီးထုတ်လုပ်ခြင်းအစား မွေးမြူထုတ်လုပ်ခြင်းကို အလေးပေးဆောင်ရွက်ကြစေလိုကြောင်း၊ စားသုံးသူ ဘေးကင်းလုံခြုံရေးနှင့် ပြည်ပတင်ပို့ရာတွင် လိုက်နာရမည့် စံချိန်စံညွှန်းများကို တိကျစွာလိုက်နာ ဆောင်ရွက်ရန်လိုအပ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များနှင့်အညီ ထုတ်လုပ်ခြင်းဖြင့် ထုတ်ကုန်အရည်အသွေးမြင့်မားရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

၂၀၂၃-၂၀၂၄ ခုနှစ်(ဧပြီလမှ နိုဝင်ဘာလအထိ) ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များ ပြည်ပတင်ပို့မှုမှ မက်ထရစ်တန်ချိန် ၂၉၃၇၀၁ ဒသမ ၉၄၁ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၄၈ ဒသမ ၅၇၉ သန်းရရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်း အတတ်သင်ကျောင်း (ကြို့ကုန်း)သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရှားပါးလာသော ဒေသငါးမျိုးစိတ်များထိန်းသိမ်းရေး၊ သဘာဝရေပြင်တွင် ငါးသားပေါက်များ စိုက်ထည့်ပေးရေးနှင့် စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်ရေး၊ သဘာဝဂေဟစနစ်ကို ထိခိုက်စေနိုင်သည့် ငါးဖမ်းနည်းများ အသုံးမပြုရေး ထည့်သွင်းပို့ချရန်နှင့် ငါးသယံဇာတကို အခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိရေးအတွက် ကျွမ်းကျင်တတ်မြောက်သည်အထိ သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

# မိုင်းနောင်မြို့၌ မိုင်းရှူးခရိုင်အုပ်ချုပ်ရေးမှူးနှင့် မိုင်းနောင်မြို့ ဌာနဆိုင်ရာများ တွေ့ဆုံ

**မိုင်းနောင် ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ မိုင်းရှူးခရိုင်အုပ်ချုပ်ရေးမှူးနှင့် မိုင်းနောင်မြို့ဌာနဆိုင်ရာများတွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်သည်။

ဦးစွာ မိုင်းရှူးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး မိုင်းနောင်မြို့ ဌာနဆိုင်ရာများက တစ်ဦးချင်းမိတ်ဆက်ကာ မိမိတို့လက်ရှိဆောင်ရွက်နေသော လုပ်ငန်းကိစ္စရပ်များကိုတင်ပြရာ မိုင်းနောင်မြို့အုပ်ချုပ်ရေးမှူး ဦးစည်သူထွန်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဌာနဆိုင်ရာများဆောင်ရွက်နေသောလုပ်ငန်းများအပေါ် ခရိုင်အုပ်ချုပ်ရေးမှူးက တည်ဆောက်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အခက်အခဲလိုအပ်ချက်များကို အကြံပြုလမ်းညွှန်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျိုက်မရောမြို့ မြို့မဈေးကြီး၌ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသ

**ကျိုက်မရော ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့မဈေးကြီးနှင့် ရန်မျိုးအောင်ဈေး မီးဘေးလုံခြုံရေးအတွက် မီးဘေးအန္တရာယ် ကြုံတွေ့လာပါက လျင်မြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့မဈေးကြီးရှေ့၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သောင်းဦးက မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးကို အသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ဆီမီးလောင်မှုကို ဖုံးအုပ်ငြိမ်းသတ်နည်း၊ ဂတ်စ်မီးလောင်မှုကို ငြိမ်းသတ်နည်းနှင့် ဈေးရုံကြီး မီးဘေးလုံခြုံရေးအတွက် ရေစိုသရုပ်ပြလေ့ကျင့်ခြင်းတို့ကို လက်တွေ့သရုပ်ပြသပေးခဲ့ကြောင်း သိရသည်။

**မိချို(ပြန်/ဆက်)**

■



# တောင်ငူမြို့၌ မုန့်ဖုတ်ခြောက်လုပ်ငန်းများ ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရေး ထုပ်ပိုးမှုစနစ်အဆင့်မြှင့်တင်ရေး ပညာပေးဆွေးနွေး

**တောင်ငူ ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ မုန့်ဖုတ်ခြောက်လုပ်ငန်းရှင်များ၏ တောင်ငူဒေသထွက် မုန့်ဖုတ်ခြောက်များအား ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရေး၊ ထုပ်ပိုးမှုစနစ်အဆင့်မြှင့်တင်ရေး ပညာပေးဆွေးနွေးခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်က ဆွေးနွေးပြောကြားပြီး မုန့်ဖုတ်ခြောက်လုပ်ငန်းများ ထုပ်ပိုးမှုစနစ်အဆင့်မြှင့်တင်ခြင်းများအား Video Clip ဖြင့် ပြသသည်။

ထို့နောက် ခရိုင်အစားအသောက်နှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဦးငြိမ်းမင်းအောင်က Food Section မှ လက်ရှိထုတ်ပေးလျက်ရှိသော IR၊ IHC၊ EHC နှင့် Local Manufacturing Recommendation များအား Online e-Submission စနစ်မှ လျှောက်ထားရန် FDA ၏ Online Service Portal ကို ဆွေးနွေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ခရိုင်စက်မှုကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးနေထွန်းဝင်းက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များ၊ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နှင်းနန္ဒာလှိုင်က ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ ဆွေးနွေးရှင်းလင်းပြောကြားပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးအောင်က ထုပ်ပိုးမှုကုန်ညွှန်းမှတ်သားမှုဖော်ပြခြင်းနှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအကြောင်း ဆွေးနွေးရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် မုန့်ဖုတ်ခြောက်လုပ်ငန်းရှင်များက အခက်အခဲများ၊ လိုအပ်ချက်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

# ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station(AQM–65)၊ Scentroid(SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များ အသုံးပြု၍ Particulate Matter 2.5($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ</th><th>ဆာလဖာ ဒိုင် အောက် ဆိုက်</th><th>နိုက် ထရိုဂျင် ဒိုင် အောက် ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မို နောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="5">ကောင်းမွန်</td><td>လက်ခံ နိုင်သော</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td>ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင်</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ဒလမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ရွှေပြည်သာမြို့နယ်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မတ္တရာမြို့နယ်</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ကျောက်ဆည်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကလေးမြို့</td><td>ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင်</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>လဟယ်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြိတ်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">ကောင်းမွန်</td><td></td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပခုက္ကူမြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြစ်ကြီးနားမြို့</td><td>လက်ခံ နိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td></td><td>၂</td><td>ဗန်းမော်မြို့</td><td colspan="5">ကောင်းမွန်</td><td></td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td colspan="4">ကောင်းမွန်</td><td></td><td></td></tr>
<tr><td>၁၁</td><td colspan="8">ရခိုင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>စစ်တွေမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျောက်ဖြူမြို့</td><td colspan="5">ကောင်းမွန်</td><td></td></tr>
<tr><td></td><td>၃</td><td>သံတွဲမြို့</td><td colspan="5">ကောင်းမွန်</td><td></td></tr>
<tr><td>၁၂</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td></td><td colspan="2">ကောင်းမွန်</td><td></td><td></td></tr>
<tr><td></td><td>၂</td><td>တာချီလိတ်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ကျိုင်းတုံမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5"></td></tr>
<tr><td>၁၃</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကွန်ပျူတာတက္ကသိုလ်(ပြည်)၌ သုတေသနနှင့် သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု ကြည့်ရှုအားပေး

ပြည် ဒီဇင်ဘာ ၁၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ကွန်ပျူတာတက္ကသိုလ်(ပြည်)၌ သုတေသနနှင့် သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။



ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ဆရာများနှင့် ကျောင်းသားများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော သုတေသန ပရောဂျက်များ၊ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပဲခူးရေလှောင်တမံဆိုင်ရာ သတင်းအချက်အလက်စနစ်၊ ပြည်မြို့ ပြည်သူ့ဆေးရုံကြီးဆိုင်ရာ သတင်းအချက်အလက်စနစ်၊ ယာဉ်နှင့်ယာဉ်မောင်းလိုင်စင် အွန်လိုင်းဘွတ်ကင်စနစ်၊ Eco Tourism စနစ်၊ ဝန်ထမ်းအိမ်ရာစနစ်၊ အခြေခံပညာကျောင်းများဆိုင်ရာ သတင်းအချက်အလက်စနစ်၊ ဝန်ထမ်းများ၏ လုပ်သက်တွက်ချက်မှုစနစ်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်စနစ်တို့ကို ရှင်းလင်းပြသရာ ဒုတိယဝန်ကြီးက သုတေသနရလဒ်များကို ပြည်သူများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် MSMEs လုပ်ငန်းရှင်များ၏ လက်ဝယ်အရောက် ဖြန့်ဝေပေးရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ်(ပြည်)မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာ ဒုတိယပါမောက္ခချုပ်က ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီးဆိုင်ရာ Website နှင့် Welcome to Pyay Website တည်ဆောက်ရေးသားပြီးစီးမှု၊ နိုင်ငံတော်ရှိတန်ခိုးကြီး ဘုရားကြီးများဆိုင်ရာ Pagoda Digital Directory Website တည်ဆောက်ရေးသားနေမှု၊ ကမ္ဘာ့အမွေအနှစ်ဒေသ သရေခေတ္တရာမြို့ဟောင်းနှင့် ပြည်ရှိ ထင်ရှားသော ဘုရားစေတီများကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် Website နှင့် QR code များ ဆောင်ရွက်ပြီးစီးမှု၊ ကမ္ဘာ့အမွေအနှစ်ဒေသ ဗိဿနိုးမြို့ဟောင်းနှင့် သမိုင်းဝင်မြောက်ဦး ဒေသများဆိုင်ရာ Website နှင့် QR code များ ဆက်လက်ဆောင်ရွက်နေမှုနှင့် ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် IT နည်းပညာများကို အကျိုးရှိရှိ အသုံးချမှုများ ထိရောက်စွာ မြှင့်တင်ဆောင်ရွက်သွားရန်၊ ရေးဆွဲပြီး Website များနှင့် Application ကို အဆင့်မြှင့်တင်ရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မွမ်းမံသွားရန် မှာကြားကာ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး၍ အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ်အတွင်းရှိ အဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ တိုင်းကျိုးပြည်ပြု IT နည်းပညာရှင်ကောင်းများဖြစ်စေရေး ကြိုးပမ်းစွမ်းဆောင်ကြရန်နှင့် ဘာသာရပ်အကျိုးပြုစာတမ်းများ ဖတ်ရှုကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်အတွင်း တောင်သူများ ဆောင်းသီးနှံစိုက်ပျိုးမှုနှင့် ဒေသဖွံ့ဖြိုးမှုအခြေအနေများ ကွင်းဆင်းကြည့်ရှု

တပ်ကုန်း ဒီဇင်ဘာ ၁၆



ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း တောင်သူများ ဆောင်းသီးနှံ စိုက်ပျိုးနေမှုနှင့် ဒေသဖွံ့ဖြိုးမှုအခြေအနေများကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့သည်။

နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများ နွယ်ရစ်ကျေးရွာ ကွင်းအမှတ်၊ ၁၄၅၉ ကွင်းအတွင်း တောင်သူများက စိုက်ပျိုးထားသည့် ပန်းမုန်လာခင်း၊ ပန်းစိမ်းခင်း၊ ဂေါ်ဖီခင်းများ ပိုးမွှားကင်းစင်ရေး၊အပင်ကြီးထွားရေး၊ ပန်းပွင့်အောင်မြင်ရေးအတွက် အင်ဂျင်စက်ဖြင့် မြေအောက်ရေ အသုံးပြုဆောင်ရွက်နေမှု၊ နွယ်ရစ်ကျေးရွာနှင့် တပ်ကုန်းမြို့ ဆက်သွယ်ထားသည့် တံတားချဉ်းကပ်လမ်း ရေတိုက်စားမှု၊ သူဌေးကုန်းကျေးရွာ၊ ကျားသေအိုင်ကျေးရွာ၊ ကွင်းအမှတ်၊ ၁၄၀၇ ကွင်း၊ ၁၄၀၈ ကွင်းအတွင်း စားပြောင်းများ စိုက်ပျိုးထားမှု၊ နေရောင်ခြည်စွမ်းအား ဆိုလာစနစ်အသုံးပြု ရေတင်စိုက်ပျိုးနေသည့် ပန်းမုန်လာခင်း၊ ဂေါ်ဖီခင်း၊ ခရမ်းခင်း၊ နံနံခင်းများ စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုပြီး စိုက်ပျိုးရေး တောင်သူများ လုပ်ငန်းအဆင်ပြေရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမ၌ ဒေသခံပြည်သူများနှင့် စိုက်ပျိုးရေး တောင်သူများအား စားသုံးဆီ၊ စက်သုံးဆီများ အဆင်ပြေစေရေးအတွက် စားသုံးဆီအရောင်းကိုယ်စားလှယ်များ၊ စက်သုံးဆီ ခွဲဝေရောင်းချရေးကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

---

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၆

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံအားကစားပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် ဒီဇင်ဘာ ၆ ရက်မှစတင်၍ ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက အားကစားပြိုင်ပွဲများ၌ ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်အသင်းများနှင့် ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ်ရှိ ပင်မဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အားကစားနှင့် ကာယပညာကော်မတီ နာယက ပါမောက္ခချုပ် ဆရာမကြီးဒေါက်တာခင်သီတာက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဘောလုံးအားကစားပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ရူပဗေဒအသင်း၊ ဘော်လီဘောအားကစားပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ဘူမိဗေဒအသင်း၊ ပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲနှင့် သုံးယောက်တွဲပြိုင်ပွဲတို့တွင် ပထမဆုရရှိခဲ့ကြသည်။ တံခွန်စိုက်ပထမဆုရရှိသည့် ဓာတုဗေဒအသင်း၊ ပြိုင်ပွဲအသီးသီးတွင်ဒုတိယဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်အသင်းများနှင့် ဆုရရှိကြသော ပြိုင်ပွဲဝင်အသင်းများမှ ကျောင်းသားများအား တစ်ဦးချင်းဆုများကို ပါမောက္ခချုပ် ဒေါက်တာခင်သီတာ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသန္တာ၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာ သဇင်လွင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ရင်ရင်လွင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်သည်။

အားကစားပြိုင်ပွဲများသို့ ဘာသာရပ်ပေါင်းစုံမှ ပြိုင်ပွဲဝင်အသင်း ၂၂ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဘောလုံးပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်း ၁၀ သ င်း၊ ဘော်လီဘောပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်း ငါးသင်းနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



---

# ဇလွန်မြို့နယ်၌ ဆောင်းသီးနှံပိုက်ဆံလျှော်(မျိုးစေ့ထုတ်) စိုက်ပျိုးခြင်း ကွင်းပိတ်ပွဲကျင်းပ

ဇလွန် ဒီဇင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ၂၀၂၃ - ၂၀၂၄ ခုနှစ် ဆောင်းသီးနှံပိုက်ဆံလျှော် ( မျိုးစေ့ထုတ် ) စိုက်ပျိုးခြင်း ကွင်းပိတ်ပွဲကို လမ်းမတော်တောင်ရပ်ကွက် တောင်သူဦးလှရွှေ၏ စိုက်ကေ ၂ ဒသမ ၅၀ တွင် ယမန်နေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

လယ်ယာမြေများတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးခြင်းဖြင့် အချိန်တိုကာလအတွင်း သစ်စိမ်းမြေဩဇာ၊ ဇီဝမြေဩဇာနှင့်သစ်ဆွေးဓာတ်များရရှိနိုင်၍ လယ်ယာမြေအတွင်းရှိ ပေါင်းပင်များကို နှိမ်နင်းနိုင်ပြီး အကျိုးပြုအဏုဇီဝပိုးများ၊ မြေဆီလွှာအတွင်းရှိ အကျိုးပြုသက်ရှိများကိုလည်း အသက်ရှင်တိုးပွားစေနိုင်ကြောင်း၊ ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ရှိ မြေဆီလွှာနှင့်ရေတို့ကို ဓာတုအဆိပ်သင့်မှု လျော့နည်းစေကာ မြေဆီလွှာ၏ ချဉ်ငန်ဓာတ်ကိုလည်း ထိန်းညှိပေးသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း တောင်သူများအား အသိပညာပေးပြောကြား၍ ဆောင်းသီးနှံပိုက်ဆံလျှော် (မျိုးစေ့ထုတ် ) ကွင်းပိတ်စိုက်ပျိုးခဲ့ကြသည်။



အခမ်းအနားသို့ ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့်တာဝန်ရှိသူများ၊ ဟသ်ာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## တောင်ကြီးတက္ကသိုလ်၌ (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



**တောင်ကြီး ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်၏ (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တောင်ကြီးတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

**ဝမ်းမြောက်ဂုဏ်ယူ**

အခမ်းအနားတွင် တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသီသင်က မောင်မယ်များ၏ အောင်မြင်မှုအတွက် မောင်မယ်များ၏ ဆရာ ဆရာမများ၊ အမိတက္ကသိုလ်နှင့် နိုင်ငံတော်က ဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြောင်း၊ မောင်မယ်များ၏ မိဘဆွေမျိုးများပါ ဝမ်းမြောက်ဂုဏ်ယူကြည်နူးမဆုံး ရှိကြမည်ဖြစ်ကြောင်း၊ မောင်မယ်များသည် ဒေသအသီးသီးတွင် နေထိုင်ကြပြီး တောင်ကြီးတက္ကသိုလ်တွင် အတူတကွ ပညာဆည်းပူးခဲ့ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများဖြစ်ကြသည့်အတွက် ပညာဆည်းပူးစဉ် တစ်လျှောက်လုံးတွင် မိမိတို့၏ ခင်မင်ရင်းနှီးမှုနှင့် ကောင်းမွန်သော ဆက်ဆံရေးများကို အနာဂတ်ကာလအထိ သယ်ဆောင်သွားပြီး ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေးနှင့် တိုင်းရင်းသားများ အစဉ်လက်တွဲ နေထိုင်ရေးတို့ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြပါ။ နိုင်ငံတော်၏ ပညာရေးမျှော်မှန်းချက် ပန်းတိုင်ရောက်အောင် ပြည်သူများနှင့်အတူ ပါဝင်ဆောင်ရွက်သွားကြပါ။ အမိနိုင်ငံတော်ကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်က မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ ၄၅ ဦး၊ မဟာဥပဒေဘွဲ့သုံးဦး၊ ဥပဒေဘွဲ့ ၅၇ ဦး၊ ဂုဏ်ထူးဘွဲ့ ၃၁ ဦး၊ ရိုးရိုးဘွဲ့ ၁၁၅၂ ဦး၊ အဝေးရောက်ဘွဲ့ ၁၇ ဦး စုစုပေါင်း ၁၃၀၅ ဦးတို့အား ဘွဲ့များအပ်နှင်းခဲ့ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

## အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် ဆုရရှိခဲ့ကြသည့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူအားကစားသမားများအား ကြိုဆိုဂုဏ်ပြု

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဒီဇင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ နေပြည်တော်တွင် ကျင်းပခဲ့သည့် အခြေခံပညာကျောင်းသား အားကစားပွဲတော်တွင် ရွှေတံဆိပ်သုံးဆု၊ ငွေတံဆိပ်နှစ်ဆု၊ ကြေးတံဆိပ်နှစ်ဆုဖြင့် ထူးချွန်ဆုများ ရရှိခဲ့ကြသည့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ အားကစားသမားများအား ယနေ့မွန်းလွဲပိုင်းက အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာချိုချိုမြအောင်နှင့် ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ အထက်တန်းကျောင်းအုပ်ကြီးများက ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းရှိ တိုင်းဒေသကြီး ပညာရေးမှူးရုံး၌ အားပေးကြိုဆိုဂုဏ်ပြုခဲ့ကြသည်။



အဆိုပါ ကျောင်းသား အားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ အားကစားသမား စုစုပေါင်း ၁၁၂ ဦးတို့က အားကစားနည်း ခုနစ်မျိုးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆု၊ အမျိုးသား စားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆု၊ အမျိုးသား ကြက်တောင်ရိုက် ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆု၊ အမျိုးသား ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ဆု၊ အမျိုးသမီး ပြေးခုန်ပစ် မီတာ ၃၀၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ဆု၊ အမျိုးသား ပြေးခုန်ပစ် မီတာ ၅၀၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ဆု၊ အမျိုးသမီး အမြင့်ခုန်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ဆု စုစုပေါင်း ထူးချွန်ဂုဏ်ပြု ဆုတံဆိပ်ခုနစ်ဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



## ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘာသာရပ်ပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ရက်က တက္ကသိုလ်အားကစားရုံ၌ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်အနေဖြင့် ဒီဇင်ဘာ ၁၉ ရက်တွင် ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဒီဇင်ဘာ ၂၆ ရက်တွင် ဘော်လီဘောပြိုင်ပွဲ၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဘောလုံးပြိုင်ပွဲနှင့် ဖေဖော်ဝါရီ ၁ ရက်မှစ၍ တိုက်ကွမ်ဒိုနှင့် ကရာတေးဒိုသင်တန်းများ ကျင်းပဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းတင်**

**○ ဟံသာဝတီမှ**

ဂိုးပြတ်အနိုင်ယူပြီး အသင်းသမိုင်းတစ်လျှောက် အမြင့်ဆုံးရပ်တည်မှုအဖြစ် အဆင့် ၄ နေရာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် ယခုပွဲမတိုင်မီကတည်းက တတိယနေရာရထားပြီး ယခုပွဲတွင် လူစုံနီးပါးအသုံးပြုသော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

အား/ကာသိပ္ပံအသင်းသည် ဇင်ရဲနောင်၊ သိန်းဇော်သီဟ၊ ကြည်စိုး၊ မိုးဆွေအောင်တို့ဖြင့် လူစုံခဲ့ပြီး ဟံသာဝတီအသင်းမှာလည်း ဇင်မင်းထွန်း၊ မျိုးဇော်ဦး၊ နေမိုးနိုင်၊ လားဒင်မောရ၊ ဝင်းမိုးကျော်တို့ဖြင့် အမာခံကစားသမားအစုံအလင်နီးပါးပါဝင်ခဲ့သည်။ အဆင့် ၄ နေရာအတွက် မဖြစ်မနေနိုင်ပွဲရယူနိုင်ရန် လိုအပ်နေသည့် အား/ကာသိပ္ပံအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၂၈ မိနစ်တွင် သိန်းဇော်သီဟက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည့် အား/ကာသိပ္ပံအသင်းသည် ဒုတိယပိုင်းတွင်လည်း ကစားအားမချဘဲ အနိုင်ဂိုးထပ်ရရန်ကြိုးပမ်းခဲ့ရာ ၆၇ မိနစ်တွင် ဇာနည်နှင့် ၇၄ မိနစ်တွင် ဝင်းပြည့်မောင်တို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံအသင်းမှ သိန်းဇော်သီဟက ရရှိသည်။

ပွဲကုန် ၂၂ ပွဲကစားအပြီးတွင် ဟံသာဝတီအသင်းက ၃၇ မှတ်ဖြင့် တတိယ၊ အား/ကာသိပ္ပံအသင်းက ၃၂ မှတ်ဖြင့် စတုတ္ထနေရာရရှိခဲ့သည်။

ပွဲစဉ်(၂၂) စတုတ္ထနေ့ကို ဒီဇင်ဘာ ၁၇ ရက်တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြဝတီအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

## မှော်ဘီမြို့နယ်၌ ဒီဇင်ဘာလ(တတိယပတ်) လူထုလမ်းလျှောက်ပွဲ ကျင်းပ

**မှော်ဘီ ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ဒီဇင်ဘာ(တတိယပတ်) အားကစားလ လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

လမ်းလျှောက်ပွဲတွင် မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၃၆၂ ဦးခန့်က စုရပ်အဖြစ်သတ်မှတ်ထားသော မှော်ဘီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ စတင်ကာ မှော်ဘီမြို့မဈေးသို့ စုပေါင်းလမ်းလျှောက်ခဲ့ပြီး မှော်ဘီမြို့နယ် အားကစားကွင်းအတွင်း၌ အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့လွင်က Physical Fitness Dance Exercises များကို စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။ **ကောင်းမြတ်သူ(မှော်ဘီ)**





## သထုံမြို့နယ်၌ ဒီဇင်ဘာလ(တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**သထုံ ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ(တတိယပတ်) အားကစားလှုပ်ရှားမှုအဖြစ် လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းစိုး၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ စုစုပေါင်း ၈၅၀ ကျော်က အောက်ကျင်းရပ်ကွက် ခရိုင်မီးသတ်ဦးစီးမှူးရုံးရှေ့မှ နန်းခဲရပ်ကွက်ရှိ ခရိုင်အားကစားကွင်းအတွင်းသို့ စုပေါင်းလမ်းလျှောက်ကြပြီး အားကစားကွင်း၌ ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းနှင့် ပြေးခုန်ပစ် အားကစားအစီအစဉ်များကို ပြုလုပ်ကာ ဆုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ


မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု

နေပြည်တော် ဒီဇင်ဘာ ၁၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင်စားအုန်းဆီ ၁၈ လီတာပါ ပုံး ၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဖုန်းအားသွင်းကြိုး ၁၀၄၄ ခုအပါအဝင် ကုန်ပစ္စည်း ၂၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၇၇၇၉၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၇၇၇၉၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥတ္တရသီရိမြို့နယ်၌ တရားမဝင်အခြားသစ် ၁၀ ဒသမ ၈၆၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၃၃၃)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၁၄ ရက်တွင် မကွေးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Beben 150 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဒီဇင်ဘာ ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၉၃၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၉၈၇၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဒီဇင်ဘာ ၁၅ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင် မုဒုံမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၆၄၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၇၄၁၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ ၇၃ လမ်း၊ ၁၁၈ x ၁၁၉ လမ်းကြားရှိ GI ကားဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Red Label ဝီစကီ ပုလင်း ၆၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၈၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၃၂၅၄၁၁) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကန့်ကြီးထောင့်မြို့နယ်တွင် ပိုက်ဆံလျှော်မျိုးစေ့ထုတ်ရိတ်သိမ်းပွဲကျင်းပ

ကန့်ကြီးထောင့် ဒီဇင်ဘာ ၁၆

ဧရာဝတီတိုင်း ဒေသကြီး ကန့်ကြီးထောင့် မြို့နယ်တွင် ပိုက်ဆံလျှော်မျိုးစေ့ထုတ် ရိတ်သိမ်းပွဲအား ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက သဘော့ငူကျေးရွာတွင် ကျင်းပသည်။

ဦးစွာ ရိတ်သိမ်းပွဲတွင် ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလင်းကိုကိုဦးဆောင်၍ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းစိုးနှင့် ခရိုင်စိုက်ပျိုးရေး တိုးတက်မြင့်မားရေးအဖွဲ့ဝင်များက သဘော့ငူကျေးရွာရှိ ကွင်းအမှတ် (၁၈၇E)



ဦးပိုင်အမှတ် (၆၉/ခ/၂) တောင်သူ ဦးညွန့်မြိုင်၏ ဧရိယာ ၁ ဒသမ ၀၁ ဧကရှိ ပိုက်ဆံလျှော်မျိုးစေ့ထုတ်ရိတ်သိမ်းပွဲကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ပိုက်ဆံလျှော်မျိုးစေ့ထုတ်ရိတ်သိမ်းပွဲမှာ ပထမအကြိမ် အသီးမှည့်များအား ရိတ်သိမ်းခြင်းဖြစ်ပြီး တစ်ဧကလျှင် ၅ ဒသမ ၇ တင်း နှုန်းထွက်ရှိခဲ့သည်။

ကန့်ကြီးထောင့်မြို့နယ်အတွင်း ပိုက်ဆံလျှော်မျိုးစေ့ထုတ် ဧက ၂၄၀၀ စိုက်ပျိုးထားရှိပြီး မျိုးစေ့ထုတ်ရာမှရရှိလာသော မျိုးစေ့များကို လာမည့် ၂၀၂၄ ခုနှစ် မိုးစပါးရာသီ ရေတော်မိုးတော်စိုက်ဧက ၁၂၉၁၁၀ တွင် သစ်စိမ်းမြေဩဇာအဖြစ် ထည့်သွင်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး

လှည်းကူး ဒီဇင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇရပ်ကွင်းကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့် စီမံကိန်းတာဝန်ခံအင်ဂျင်နီယာအဖွဲ့က ဇရပ်ကွင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၁၀၀ တို့ဖြင့် အရှည်ပေ ၁၂၅၀၊ အကျယ်ရှစ်ပေ၊ ဒုခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၁၂-၂၀၂၃ တနင်္ဂနွေနေ့

**MRTV HD**

၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ ေတာဇျဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ မနောမြေက အိမ်အပြန်လက်ဆောင်
၀၉:၁၅ ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၁၂)
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၂၀ ရန်ကုန်တက္ကသိုလ်(၁၀၃)နှစ်မြောက် ဝုဏ်ပြုအစီအစဉ် 'ကဲ့ကော်မြို့တော်' တေးဂီတဖျော်ဖြေပွဲ (ပွဲစဉ်-၃)
၁၂:၃၅ This Week's Special Interest
၁၃:၀၀ အသိပညာနှင့်အမှန်တရား
၁၃:၃၀ MRTV National News
၁၄:၀၀ ဆေးရောင်စုံရုပ်ရှင် 'ဟယာတံတိုင်း' (ဒွေး၊ အိန္ဒြာကျော်ဇင်)
၁၆:၃၅ Sports Diary
၁၇:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၇:၃၅ Economic Review
၁၈:၁၀ ဘယ်သူမှန်လဲအပြိုင်ကြ
၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၁၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'ပုလဲအရောင်မမှိန်နဲ့အချစ်' 'ဦးခင်မောင်ချင်း' (အပိုင်း-၂)
၂၁:၁၅ မြန်မာဗီဒီယိုဇာတ်လမ်း 'အမုန်းလွန်သော်' (နေတိုး၊ နေဆန်း၊ သက်မွန်မြင့်)

**mitv**

07:01 Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn
07:08 Tapestry - A Unique Combination Of Painting and Craftsmanship
07:28 A Traditional Food in Bagan: Pone Ye Gyi
07:41 Home for the Beautiful Star Tortoises
08:01 News
08:27 Alms Bowl
08:46 Diorama
09:01 7 Days & 3 Cities
09:09 Today Myanmar: Save The Palms
09:51 My Life & My Art
10:01 News
10:29 Historic Of Kyaukka Shwe Gu Ni Pagoda

**MRTV NRC**

ရခိုင် (၀၆:၀၀ မှ ၀၈:၀၀) ကြက်သားသုပ်နှင့်သင်္ဘောဟင်းရည်
ရှမ်း (၀၈:၀၀ မှ ၁၀:၀၀) လုပဆင်ယင်ခမ်းတီးအဆင်
ဝ (၁၀:၀၀ မှ ၁၂:၀၀) ဝပျစ်သီးစိုက်ပျိုးခြင်း
ကချင် (၁၂:၀၀ မှ ၁၄:၀၀) ခွာရိုးရာခေါင်းပေါင်းပေါင်းနည်း
ကယား (၁၄:၀၀ မှ ၁၆:၀၀) ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၄)
စကောကရင် (၁၆:၀၀ မှ ၁၇:၀၀) ရာဇဝင်ထဲကရွာလေးတစ်ရွာ
အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀) ကရင်ရိုးရာဖိနပ်လုပ်ငန်း
အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀) တောင်ပေါ်မြေမှကယန်းတိုင်းရင်းသားတို့ရဲ့ တံခွန်တိုင်ပွဲတော်
ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀) ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ
ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀) တောင်ယာခုတ်ရန်ဆုတောင်းခြင်း
မွန် (၂၁:၀၀ မှ ၂၂:၀၀) ရာသီအလိုက်မွန်ရိုးရာပွဲတော်များ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၄၅ Next Level
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၄၅ News Desk
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးဖျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေး
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီရူးသမ္မတနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၁၄)

**MRTV FARMERS' Channel**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၀ တောင်သူလယ်သမားဘဝမြင့်မားဖို့ တစ်နှစ်သုံးသီးစိုက်ကြစို့
၀၆:၅၀ ဝါးမှသည်...ရွှေ
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ Arthur Christmas (နိုင်ငံခြားဇာတ်လမ်း)
၂၂:၀၀ Jingle Jangle: A Christmas Journey (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Weekly Sports Info
၁၆:၃၀ MNL 2022 Match(Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၂၀ ပညာပေးဇာတ်လမ်း "ဝိဉ်သာသော"

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm



# စပါးအသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၆

ပရီမီယာလိဂ်ပွဲစဉ်(၁၇)ရဲ့ အစောဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ နော့တင်ဟမ်ဖောရက်စ်အသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်မှာ စပါးအသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ညှော်သည်အဖြစ်လာရောက်ကစားခဲ့တဲ့ စပါးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန်အပြီး နာကျင်အချိန်ပိုနှစ်မိနစ်မှာ ရစ်ချာလီဆန်ကတစ်ဂိုးနဲ့ ဒုတိယပိုင်း ပွဲကစားချိန် ၆၅ မိနစ်မှာ ကူလူဆက်စ်စကီးက တစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ စပါးအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး ရစ်ချာလီဆန်ဟာ ၂၀၂၂ ခုနှစ် မေလနောက်ပိုင်း ပရီမီယာလိဂ်နှစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး နောက်ဆုံးနှစ်ပွဲမှာ သွင်းဂိုးသုံးဂိုးအထိ သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

စပါးအသင်းဟာ နော့တင်ဟမ်ဖောရက်စ်အသင်းကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့ကာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၇၀ မှာ ဘစ်ဆူးမားတိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာကြောင့် တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။ စပါးကစားသမား ဘစ်ဆူးမားဟာ အခုဘောလုံးရာသီမှာ အနီကတ်ပြ ထုတ်ပယ်ခံရမှု နှစ်ကြိမ်ရှိသွားပြီဖြစ်တာကြောင့် လေးပွဲပယ်ပြစ်ဒဏ်ကျခံရဖို့လည်း ရှိနေတာဖြစ်ပါတယ်။

နော့တင်ဟမ်ဖောရက်စ် အသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပါးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၁၇)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ၁၀ ပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံး ရမှတ် ၃၃ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် ၅ နေရာသို့ တက်လှမ်းခဲ့ပြီး နော့တင်ဟမ်ဖောရက်စ်အသင်းကတော့ စပါးအသင်းကို ရှုံးနိမ့်ခဲ့လို့ ပရီမီယာလိဂ်ပွဲစဉ်(၁၇)အပြီးမှာ အမှတ်ပေးဇယား အဆင့် ၁၆ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**



# မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဇလွန် ဒီဇင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီတွင် ဇလွန်မြို့အထွက် လမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းသာယာလှပစေရန် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍သန့်ရှင်းရေးဆောင်ရွက်ကြသည်။

ဇလွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ချုံနွယ်ပိတ်ပေါင်းများ၊ မြက်နှင့်အမှိုက်များ ရှင်းလင်းခြင်း၊ ပလတ်စတစ်အမှိုက်များကောက်ခြင်း၊ ရှင်းလင်းပြီးအမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ **ဝေယံ(ပြန်/ဆက်)**

**❐ အာရှဖလား**

အီရန်၊ ကူဝိတ်၊ ဘာရိန်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အာရှဖလားဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ဒုတိယအကြိမ် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ၂၀၁၈ နောက်ပိုင်း ပြန်လည်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲတွင် တာဂျစ်ကစ္စတန်၊ အိန္ဒိယ၊ ပါလက်စတိုင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

**ကိုညီလေး**


## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျိုက္ကဆံလမ်းနှင့် မလွကုန်းလမ်းထောင့်၊ အမှတ်(၁၈၄/၁၈၆) ဟုခေါ်တွင်သော တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃စီ^၁N၊ မြေကွက်အမှတ် (V–၁၇/၂)၊ အကျယ်အဝန်း (၅၆'.၃၀' x ၆၀' . ၃၂'၉")၊ ဧရိယာ (၀. ၀၄၀)ဧက၊ (၁၇၆၈)စတုရန်းပေရှိ ဦးဇော်မင်းမြင့်အမည်ပေါက် နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးသံဒိုင် [၈/ပခက(နိုင်) ၁၄၁၃၁၄] မှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ANWAL(ခ) ဦးမောင်ဇော် [၁၂/ပဘတ(ပြု)၀၀၀၃၆၃]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မာမာသိန်း (LL.B) ဒေါ်နီနီဝင်း (LL.B) ဦးထွန်းသူအောင် (LL.B)**
**(စဉ်–၈၇၉၂) (စဉ်–၅၁၇၁၈) (စဉ်– ၅၅၇၆၄)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ်–၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၀၈၈၆၀၅၊ ၀၉–၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေထီးအိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၃၀၄)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကျော့ရင်[၁၂/မရက(နိုင်)၀၈၅၆၇၉]ထံမှ တစ်ဆင့်စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်အုန်းမြင့် [၁၂/မရက(နိုင်)၁၁၈၉၉၇]က ၎င်းအမည်ဖြင့် အမည်ပြောင်းတိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ( ၁၄ ) ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့်တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၁၄၈)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၈)၊ မြေကွက်အမှတ်(၆၇၁)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးထွန်းသိန်း အမည်ပေါက်တည်ရှိကြောင်း လက်ရှိထားပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာ၍ ကျွန်ုပ်မိတ်ဆွေမှ အဆိုပါမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စန်းချိုဦး LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၇၀/၂၀၁၁)**
**အမှတ်(၄၆၄)၊ အခန်း(၂/၄)၊ အင်းစိန်လမ်းမကြီး၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း–၀၉–၂၅၂၉၉၄၉၈၈**



# သင့် ဒေသွးဖြင့် အသက် ကယ်ပါ



## ပြင်ဆင်ဖတ်ရှုပါရန်

၁၃–၁၂–၂၀၂၃ရက်နေ့ကြေးမုံ သတင်းစာ၏စာမျက်နှာကြော်ငြာ(၂၂)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၉)GPဒေါ် သဥ္စာအေး၏အမည်ပြောင်းတွင် မြေကွက်အမှတ်–၃၂/ခ–၂ဟုအမှန်ဖတ်ရှုပါရန်။



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၆၄/စက်မှုဇုန်၊ မြေကွက်အမှတ်–၁၃၅ ၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ်–၁၃၅ ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးမင်းသူ [၁၂/လမတ(နိုင်)၀၀၀၆၁၄]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အဆောက်အဦအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ(စဉ်–၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၇၅၀၂၁၈၄၁**



# စာအုပ်စာပေ လှူမိတ်ဆွေ


## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**နေ့သင်တန်းနှင့် အဝေးသင်သင်တန်း**များ ဘွဲ့နှင်းသဘင် ကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၂၀၂၂–၂၀၂၃ ပညာသင်နှစ်) ၂၀၂၃ ခုနှစ် မတ်လနှင့် စက်တင်ဘာလ တွင် ကျင်းပခဲ့သော မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့ ၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စာမေးပွဲဖြေဆို အောင်မြင်သူများ လျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| ၂(က) | ဘွဲ့နှင်းသဘင်(ပထမနေ့) | ၆–၁–၂၀၂၄ (စနေနေ့) နံနက်ပိုင်း (နံနက် ၉:၀၀)နာရီ |
| | အစမ်းလေ့ကျင့်ရက် | ၅–၁–၂၀၂၄(သောကြာနေ့) နံနက်ပိုင်း (နံနက် ၉:၀၀)နာရီ |
| | အထူးပြု – | မြန်မာစာ၊ သမိုင်း၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ Environmental Science |
| ၂(ခ) | ဘွဲ့နှင်းသဘင်(ပထမနေ့) | ၆–၁–၂၀၂၄ (စနေနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂:၀၀)နာရီ |
| | အစမ်းလေ့ကျင့်ရက် | ၅–၁–၂၀၂၄(သောကြာနေ့) နံနက်ပိုင်း (နံနက် ၉:၀၀)နာရီ |
| | အထူးပြု – | ပထဝီဝင်၊ ရူပဗေဒ၊ သင်္ချာ |
| ၂(ဂ) | ဘွဲ့နှင်းသဘင်(ဒုတိယနေ့) | ၇–၁–၂၀၂၄ (တနင်္ဂနွေနေ့) နံနက်ပိုင်း (နံနက် ၉:၀၀)နာရီ |
| | အစမ်းလေ့ကျင့်ရက် | ၅–၁–၂၀၂၄(သောကြာနေ့) မွန်းလွဲပိုင်း ( မွန်းလွဲ ၂:၀၀)နာရီ |
| | အထူးပြု – | အင်္ဂလိပ်စာ၊ဒဿနိကဗေဒ၊အရှေ့တိုင်းပညာ၊ သတ္တဗေဒ၊ ၊Biotechnology ၊ ကုန်ထုတ်ဓာတုဗေဒ၊ဘူမိဗေဒ |

၃။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၂၀၂၃ ပညာသင်) ၂၀၂၃ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ကျင်းပခဲ့သော **(အဝေးသင် သင်တန်း)** ဝိဇ္ဇာဘွဲ့၊သိပ္ပံဘွဲ့စာမေးပွဲဖြေဆို အောင်မြင်သူများ လျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| ၃(က) | ဘွဲ့နှင်းသဘင် | ၉–၁–၂၀၂၄ (အင်္ဂါ နေ့) နံနက်ပိုင်း (နံနက် ၉:၀၀)နာရီ |
| | အစမ်းလေ့ကျင့်ရက် | ၈–၁–၂၀၂၄(တနင်္လာနေ့) နံနက်ပိုင်း (နံနက် ၉:၀၀)နာရီ |
| | အထူးပြု – | ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ |
| ၃(ခ) | ဘွဲ့နှင်းသဘင် | ၂၇ –၁–၂၀၂၄(စနေနေ့)နံနက်ပိုင်း (နံနက် ၉:၀၀)နာရီ |
| | အစမ်းလေ့ကျင့်ရက် | ၂၅–၁–၂၀၂၄ (ကြာသပတေးနေ့) နံနက်ပိုင်း(နံနက် ၉:၀၀) နာရီ |
| | အထူးပြု – | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ ဥပဒေပညာ |
| ၃(ဂ) | ဘွဲ့နှင်းသဘင် | ၂၇ –၁–၂၀၂၄ (စနေနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂:၀၀)နာရီ |
| | အစမ်းလေ့ကျင့်ရက် | ၂၅–၁–၂၀၂၄(ကြာသပတေးနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂:၀၀)နာရီ |
| | အထူးပြု – | မြန်မာစာ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ |
| ၃(ဃ) | ဘွဲ့နှင်းသဘင် | ၂၈ –၁–၂၀၂၄ ( တနင်္ဂနွေနေ့) နံနက်ပိုင်း (နံနက် ၉:၀၀)နာရီ |
| | အစမ်းလေ့ကျင့်ရက် | ၂၆–၁–၂၀၂၄ ( သောကြာနေ့) နံနက်ပိုင်း (နံနက် ၉:၀၀)နာရီ |
| | အထူးပြု – | မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ |
| ၃(င) | ဘွဲ့နှင်းသဘင် | ၂၈ –၁–၂၀၂၄ (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂:၀၀)နာရီ |
| | အစမ်းလေ့ကျင့်ရက် | ၂၆–၁–၂၀၂၄ (သောကြာနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂:၀၀)နာရီ |
| | အထူးပြု – | မြန်မာစာ၊ သမိုင်း၊ စီပွားစီမံပညာ |
| | ကျင်းပမည့်နေရာ – | ဘွဲ့နှင်းသဘင်ခန်းမ၊ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် |

**ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| တက်ရောက်ဘွဲ့ကြေး | – ၁၅၀၀၀/–(ကျပ်တစ်သောင်းငါးရာတိတိ) |
| အဝေးရောက်ဘွဲ့ကြေး | – ၁၀၀၀၀/–(ကျပ်တစ်သောင်းတိတိ) |
| လျှောက်လွှာ တင်သွင်းရမည့်ရက် | – (၁၈–၁၂–၂၀၂၃) မှ(၂–၁–၂၀၂၄)ရက်ထိ (နေ့သင်တန်း) |
| | – (၁၈–၁၂–၂၀၂၃) မှ(၅ –၁–၂၀၂၄ )ရက်ထိ(အဝေးသင်သိပ္ပံ) |
| | – (၁၈–၁၂–၂၀၂၃) မှ (၁၈–၁–၂၀၂၄) ရက်ထိ (အဝေးသင်ဝိဇ္ဇာ) |

